# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၅၄)



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး






နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မကွေးမြို့ရှိ သင်ကြားရေးဆေးရုံကြီး(မကွေး)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဒေသအတွင်း စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးမှု ခိုင်မာအားကောင်းလာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်း ကူးသန်းသွားလာနိုင်ပြီး ပြည်သူလူထုအတွင်း ရင်းနှီးချစ်ခင်မှုများမှတစ်ဆင့်

## ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားလာစေရေးကို အထောက်အကူပြုနိုင်မည်

နေပြည်တော် ဇွန် ၁၅

**မကွေးတိုင်း မင်းဘူးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၁၄ရက် နံနက်ပိုင်းက မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

### လှည့်လည်ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက် ၇နာရီခွဲတွင် မင်းဘူးမြို့ ဖွံ့ဖြိုးတိုးတက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။



ထို့နောက် ဇရာဝတီတံတား(မကွေး)ကို ဖြတ်သန်းကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မကွေးမြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု၍ ကန်ပြားကျေးရွာအနီးရှိ ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုရုံးသို့ ရောက်ရှိသည်။

### ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အရှည် ၁၀၇မိုင် ၂ဖာလုံရှိ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းကို B.O.T စနစ်ဖြင့် ဖောက်လုပ်နေမှု၊ မကွေးတိုင်းအတွင်း၌ B.O.T စနစ်ဖြင့် ဖောက်လုပ်နေသောလမ်းများ၊ တစ်နိုင်ငံလုံးတွင် B.O.T စနစ်ဖြင့် ဖောက်လုပ်နေသောလမ်းများ၊ ယခုလမ်းအပါအဝင် ပဲခူးရိုးမဖြတ်ကျော်သည့်လမ်းများကို အသစ်ဖောက်လုပ်နေမှုနှင့် ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းအား အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❐

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၌ ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေသည့် လမ်းလုပ်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။** (သတင်းစဉ်)

16-6 (01).pmd 1 6/16/2010, 1:44 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဇွန် ၁၆ ရက်)

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ရထားလမ်းများ တိုးမြှင့်ဖောက်လုပ် တိုင်းရင်းသားပြည်သူများ လက်တွဲပါဝင်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် နယ်မြေဒေသတစ်ခုနှင့်တစ်ခု အကန့်အသတ်မရှိ ဆက်သွယ်သွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်များကို ပြည်ထောင်စုတစ်ဝန်း တည်ဆောက်ပေးလျက်ရှိသည်။

ယင်းသို့တည်ဆောက်ရာ၌ ရထားလမ်းများလည်းအပါအဝင်ဖြစ်ရာ ၁၉၈၈မတိုင်မီက မြန်မာနိုင်ငံတွင် မီးရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆မိုင်နှင့် ဘူတာရုံပေါင်း ၄၈၇ ရုံသာရှိခဲ့ရာ ယခုအခါ မီးရထားလမ်းခရီးမိုင် ၃၄၃၃ မိုင်နှင့် ဘူတာရုံပေါင်း ၈၇၅ရုံ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဖောက်လုပ်ခဲ့သည့် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁၂ရက်နေ့က မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့ ဆိပ်ဖြူဘူတာယာဒ်ဝင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ကြံခင်း-ပခုက္ကူမီးရထားလမ်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ဒေသခံပြည်သူများအတွက် ဆက်သွယ်သွားလာရန် အလွန်အရေးပါသည့် လမ်းကြောင်းဖြစ်သည်။ ရထားလမ်းကြီး ဖောက်လုပ်ပြီးစီးခဲ့လျှင် ဧရာဝတီတိုင်း ပုသိမ်မြို့မှ ကြံခင်းမြို့သို့ ဖြတ်သန်းပြီး မကွေးတိုင်းအတွင်း ဧရာဝတီမြစ် အနောက်ဘက်ခြမ်းမြို့ရွာများကိုဖြတ်ကာ မန္တလေးမြို့အထိ သွားရောက်နိုင်ကြမည်ဖြစ်သည်။

ထို့ပြင် စစ်ကိုင်းတိုင်း ကလေးမြို့အထိ သွားလာနိုင်မည့်အပြင် မင်းဘူးမြို့မှ ဖောက်လုပ်ဆဲ မင်းဘူး-အမ်း-ကျောက်တော်-စစ်တွေရထားလမ်း အတိုင်း ရခိုင်ပြည်နယ် စစ်တွေမြို့အထိတိုင် မီးရထားဖြင့် ဆက်စပ်သွားလာနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်၏ ပထဝီအနေအထားအရ ရေမြေခြားနားနေမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်ရန်၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် နေရာဒေသများဖွံ့ဖြိုးတိုးတက်ရန် ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချ၍ ဘဏ္ဍာငွေ အကုန်အကျခံကာ တည်ဆောက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်၏ မွန်မြတ်သည့်စေတနာကို သိမြင်နားလည်သဘောပေါက်ပြီး နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် လက်တွဲပါဝင် ကြိုးပမ်းဖော်ဆောင်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၁၀
(ဗုဒ္ဓဟူးနေ့)
**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မေတ္တာသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **အများနဲ့မတူအောင်နေ** တရားတော် (ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ မြင်းခြံဆရာတော်)
၆:၅၅ ရှုတိုင်းလှသည် ပထက်တောင် အတုလရုံသီ
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၈)
၈:၃၀ Sports World
၈:၅၅ ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ **တော်ဝင်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် တွေ့ဆုံခြင်း** (အပိုင်း-၂)
၉:၁၅ Activities in the City (GANO EXCEL MYANMAR ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲ)
၉:၃၀ အားကစားမြင်ကွင်းစုံ
၁၀:၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ရိုးရိုးလေးလည်း လန်းပါတယ် ရိုက်ကွင်းအမှတ်တရ)
၁၀:၃၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရီတာစိုးဝင်း)
၁၁:၀၀ Industrial Talk [ဒေါက်တာ မျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁:၃၅ ဗီဒီယိုပြခန်း
၁၁:၅၀ လှပသော အသားအရေတို့၏ လျှို့ဝှက်ချက်
၁၂:၀၅ ခတ်ပုံထဲမှ အမှတ်တရများ (ဟက်ကက်၏ ခတ်ပုံထဲမှ အမှတ်တရများ)
၁၂:၃၅ သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၁၂:၄၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (မွေးမြူရေးဆေးဝါး ထုတ်လုပ်ရေးစက်ရုံ)
၁:၀၀ **အများနဲ့မတူအောင်နေ** တရားတော် ဘဒ္ဒန္တဂန္ဓမာလာ လင်္ကာရ (မြင်းခြံဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (Heart ထိတာကောင်းတယ်၊ Heart မထိတာကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၈)
၄:၀၅ Activities in the City (GANO EXCEL MYANMAR ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲ)
၄:၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ရိုးရိုးလေးလည်း လန်းပါတယ် ရိုက်ကွင်းအမှတ်တရ)
၄:၄၀ လှပသော အသားအရေတို့၏ လျှို့ဝှက်ချက်
၅:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Revlon ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ)
၅:၁၀ ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ **တော်ဝင်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် တွေ့ဆုံခြင်း** (အပိုင်း-၂)
၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ခတ်ပုံထဲမှ အမှတ်တရများ (ဟက်ကက်၏ ခတ်ပုံထဲမှ အမှတ်တရများ)
၆:၄၅ ဗီဒီယိုပြခန်း
၇:၀၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရီတာစိုးဝင်း)
၇:၂၅ Road to Highest Competition (France)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (Heart ထိတာကောင်းတယ်၊ Heart မထိတာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၈)
၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Revlon ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ)
၁၀:၃၅ Industrial Talk
၁၁:၀၅ စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၁၁:၂၀ **ရေမြင့်....ကြာတင့်** ခန့်စည်သူ၊ ရောဝှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ် ဌွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၁:၃၅ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြန်မာ MEIG နှင့် ဗီယက်နမ်ကုမ္ပဏီ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၁၅**

မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံ အကျိုးတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ Myanmar Entrepreneurs Investment Group (MEIG) နှင့် ASV Holdings (ဗီယက်နမ်) တို့၏ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇွန် ၁၃ရက် နံနက် ၁၀နာရီက ရန်ကုန်တိုင်း မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာ ကုမ္ပဏီလီမိတက်၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chu Cong Phung၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ ဇေကမ္ဘာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများ၊ BIDV ဥက္ကဋ္ဌ Mr. Tran Vae Ha ၊ ASV Holdings ဥက္ကဋ္ဌ Mr. Le Tuan နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။



**လက်မှတ်ရေးထိုး**

အခမ်းအနားတွင် ရှေးဦးစွာ ဇေကမ္ဘာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဗီယက်နမ်နိုင်ငံမှ BIDV ဥက္ကဋ္ဌ Mr. Tran Vae Ha၊ ASV Holdings ဥက္ကဋ္ဌ Mr. Le Tuan နှင့် တာဝန်ရှိပုဂ္ဂိုလ်များက အမှာစကား ပြောကြားကြသည်။ ယင်းနောက် Myanmar Entrepreneurs Investment Group (MEIG) ဥက္ကဋ္ဌ ဦးဇေသီဟနှင့် ASV Holdings ဥက္ကဋ္ဌ Mr. Le Tuan တို့က အကျိုးတူ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြသည်။

**ပေးအပ်**

ထို့နောက် ဒေါက်တာခင်ရွှေက BIDV ဥက္ကဋ္ဌ Mr.TranVae Ha ကိုလည်းကောင်း၊ ဥက္ကဋ္ဌ ဦးဇေသီဟက ASV Holdings ဥက္ကဋ္ဌ Mr. Le Tuan ကို လည်းကောင်း အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**Myanmar Entrepreneurs Investment Group (MEIG) နှင့် ASV Holdings (ဗီယက်နမ်) တို့၏ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အကျိုးတူသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြစဉ်။**
(သတင်းစဉ်)

## ရုရှား-တရုတ်နှစ်နိုင်ငံနှင့်ဆက်ဆံရေး အဆင့်လျှော့ချမည်မဟုတ်ဟု အီရန်ပြောကြား

**တီဟီရန် ဇွန် ၁၅**

ကုလသမဂ္ဂက အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု အသစ်ချမှတ်ရာတွင် ရုရှားနှင့် တရုတ်တို့က ထောက်ခံခဲ့လင့်ကစား ရုရှား၊ တရုတ်တို့နှင့် ဆက်ဆံရေး အဆင့်ကို လျှော့ချရန်အစီအစဉ်မရှိကြောင်း အီရန်က ဇွန်၁၄ရက်၌ ပြောကြားသည်။

**အစီအစဉ်မရှိ**

အချိန်ကြာမြင့်စွာ ဆက်ဆံခဲ့သည့် မိမိတို့၏ မိတ်ဆွေနိုင်ငံများဖြစ်သည့် ရုရှား၊ တရုတ်တို့နှင့် ဆက်ဆံရေးအဆင့် လျှော့ချရန် အစီအစဉ်မရှိဟု အီရန်ပါလီမန် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒ ကော်မရှင် ဥက္ကဋ္ဌဘိုရူဂျာဒီက မီဟာသတင်းဌာနသို့ ပြောကြားသည်။

**စိတ်ပျက်**

အီရန်အပေါ် အရေးယူပိတ်ဆို့မှု အသစ်များချမှတ်ခဲ့သည့် လုပ်ရပ်ကို ရုရှားနှင့်တရုတ်တို့က ထောက်ခံခဲ့သဖြင့် အီရန်တာဝန်ရှိ ပုဂ္ဂိုလ်များက စိတ်ပျက်မိကြောင်း ၎င်းက ပြောကြားသည်။

**ဆက်လက်ပြောကြား**

သို့ရာတွင် ယင်းနိုင်ငံများနှင့် ဆက်ဆံရေးအဆင့် လျှော့ချမည့် အလားအလာကို မိမိတို့ရှာဖွေနေသည့် သဘောမဟုတ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**



## နိုင်ငံတကာ သတင်းများ

## တောင်ကိုရီးယား လေကြောင်းပို့ဆောင်မှု မေလအတွင်း တိုးတက်ကောင်းမွန်

*ဆိုးလ် ဇွန် ၁၅*

*တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာသည့်အတွက် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းပမာဏမှာ ယခုနှစ်မေလအတွင်း တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း ဇွန်၁၄ရက်၌ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်းဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။*

***ကြေညာ***

*မေလအတွင်းက နိုင်ငံတကာလေကြောင်းခရီးသည် ၃ ဒသမ ၃ သန်းရှိပြီး လွန်ခဲ့သည့်နှစ် ထိုကာလကထက် ၂၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ပြည်တွင်းခရီးသည်ပေါင်းမှာလည်း ၁ ဒသမ ၉ သန်းကျော်ရှိရာ ယမန်နှစ် အလားတူကာလကထက် ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု အဆိုပါဝန်ကြီးဌာနက ကြေညာသည်။*

***မြင့်တက်***

*မေလအတွင်း၌ လေကြောင်းမှ ကုန်တန်ချိန် ၃၁၀၀၀၀ခန့် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သဖြင့် နှစ်ချင်းအလိုက် ၂၆ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။*
***အမ်အင်န်အေ၊ဆင်ဟွာ***

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၆-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၅ ၈။ တေးဂီတအစီအစဉ်
၈း၃၅ ၉။ ကွန်ရက်သဖွယ် ယှက်နွယ်ထား သီရိမင်္ဂလာခုံးကျော်တံတား
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ အမှန်ထင်နေသောအမှား
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် **(Southern Myanmar FC နှင့် ဇွဲကပင်ယူနိုက်တက် FC)**
၅း၀၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅ ၃။ မနောမြေအလှ မှတ်တမ်းတစ်စိတ်တစ်ဒေသ
၅း၁၅ ၄။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၂၅ ၅။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
၅း၄၅ ၆။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဟွန်ဒူးရပ်စ်အသင်းနှင့် ချီလီအသင်း)**
၈း၀၀ ၇။ ပြည်တွင်းသတင်း
၈။ နိုင်ငံတကာသတင်းများ
၉။ မိုးလေဝသအခြေအနေ
၁၀။ ထာဝရတို့မြေအလှ ဟောမာနေဝင်း၊ တေးရေး- ပက်ထရစ် (မိုးသောက်ပန်း)
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ (အပိုင်း-၅၁)**
၁၂။ မြန်မာ့ဗွီဒီယိုဇာတ်လမ်း **သမုဒယကင်း** ထွန်းထွန်း၊ ပုလဲဝင်း၊ သင်ဇာဝင့်ကျော် (ဒါရိုက်တာ-ကြည်ဖြူသျှင်)

# ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း
# တက္ကသိုလ်ဝင်တန်းအောင်ချက် ၉၅ ရာခိုင်နှုန်းကျော်ရရှိ

ရန်ကုန် ဇွန် ၁၅

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူ ၅၉၂ဦးအနက် ၅၆၆ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက်ရာခိုင်နှုန်း ၉၅ဒသမ၆၁ ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ အောင်မြင်သူများအနက် ခြောက်ဘာသာဂုဏ်ထူးရှင် ၂၀၊ ငါးဘာသာဂုဏ်ထူးရှင် ၇၃ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂၂ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၆၁ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၇ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၂ဦး၊ ရိုးရိုးအောင်မြင်သူ ၁၇၁ဦး၊ မြန်မာစာ ဂုဏ်ထူးရှင် ၃၄ဦး၊ အင်္ဂလိပ်စာဂုဏ်ထူးရှင် ၈၉ဦး၊ သင်္ချာဂုဏ်ထူးရှင် ၃၀၈ဦး၊ ဓာတုဗေဒဂုဏ်ထူးရှင် ၂၅၉ဦး၊ ရူပဗေဒဂုဏ်ထူးရှင် ၂၉၉ဦး၊ ဇီဝဗေဒဂုဏ်ထူးရှင် ၃၃၀၊ ဘောဂဗေဒဂုဏ်ထူးရှင် ၁၃ဦး ပါဝင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) သီတာခန်းမ၌ကျင်းပရာ ဝန်ကြီး ဦးမောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

**သုံးသပ်တင်ပြ**

ယင်းနောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဌာနအလိုက် ရည်မှန်းချက်များနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်မြင့်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်တင်ပြသည်။

ထို့နောက် ဝန်ကြီးက ဝန်ကြီးဌာန၏ ဦးစီးဌာန သုံးခုတွင်ရှိသော တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် ပြည်သူ့အကျိုးကို သယ်ပိုးထမ်းရွက်ရာတွင် စိတ်ဓာတ်၊ စေတနာ၊ စိတ်ထားကောင်းထားရှိရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းကျိုးပြည်ထောင်စိတ်ဓာတ်၊ စည်းရုံးညီညွတ်မှု စိတ်ဓာတ်များထားရှိကြရေး၊ နိုင်ငံတော်က ထုတ်ပြန်ထားသော အမိန့်၊ မူဝါဒနှင့် စည်းကမ်း၊ စည်းမျဉ်းဘောင်အတွင်းမှနေပြီး စနစ်တကျစိစစ်ကြပ်မတ် ကွပ်ကဲဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၂၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာနှင့် ဗီယက်နမ်ပုဂ္ဂလိကကုမ္ပဏီကြီးများ ပထမဆုံးအကြိမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မည်၊ ပြည်သူ့ဥယျာဉ်၌ ရေပန်းရုပ်ရှင်ဖြင့် ဖျော်ဖြေမည်၊ ပုဂ္ဂလိကဘဏ်သစ်များအတွက် ဝန်ထမ်းများခေါ်ယူနေ၊ GSM လိုင်း ရှစ်သောင်းထပ်မံတိုးချဲ့မည်၊ လေးလမ်းသွား တိုးချဲ့ကမ်းနားလမ်းသစ် စတင်ဖောက်လုပ်နေ၊ မုံရွာမြို့နယ်အတွင်း လူတစ်ရပ်ခန့်မြင့်သည် မြေကြီးအက်ကွဲကြောင်းဖြစ်ပေါ်ခဲ့၊ ငွေဆောင်ကမ်းခြေရှိ အဆင့်မြင့်ဈေးကြီး ယခုလကုန် တည်ဆောက်ပြီးစီးမည်၊ ရှစ်တန်းအောင်ရုံဖြင့် နိုင်ငံတကာဇိမ်ခံသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်တော့မည်၊ အိမ်ခြံမြေဈေးကွက် ပြန်လည်သွက်လက်လာ၊ ခေတ်မီကြက်သန့်စင်စက် ကြက်ဘဲဈေးသစ်တွင် ပထမဦးဆုံးသုံးမည်၊ နိုင်ငံတစ်ဝန်းလုံးရှိ မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို ဇူလိုင် ၁ရက်မှ စတင်သိမ်းဆည်းမည်၊ နိုင်ငံတကာပေါက်ဈေးအတိုင်း စက်သုံးဆီများ လွတ်လပ်စွာဝယ်ယူနိုင်ပြီ၊ ရန်ကုန်မြို့တွင်း လျှပ်စစ်မီးရရှိမှုတိုးတက်လာ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်ပိုကောင်းလာသော်လည်း ဂုဏ်ထူးရရှိသူ လျော့နည်းသွား၊ အမျိုးသမီးဘောလုံးဝါသနာအိုးများ၏ စိတ်ကူးယဉ်ဘောလုံးသူရဲကောင်း ပေါ်ထွက်လာ၊ ဂျိမ်းစ်ဘွန်းမင်းသမီးက လက်ထပ်ပွဲကို စပိန်ရွာကလေး၌ကျင်းပ၊ ၂၀၁၀ ကမ္ဘာ့ဖလားအလှမယ် ရွေးချယ်၊ ကမ္ဘာတစ်ပတ် တစ်ဦးတည်း ရွက်လွှင့်နေသည့်မိန်းကလေး ပျောက်ဆုံးနေရာမှ အသက်ရှင်လျက်သား ပြန်လည်တွေ့ရှိ၊ တစ်လှည့်တည်းမှာ ဂေါက်သီးကျင်းနှစ်ကျင်းကို တစ်ချက်တည်းစီဖြင့် ဝင်အောင် အဘိုးကြီးကရိုက်နိုင်၊ ကမ္ဘာ့ဖလားရောဂါ အာကာသထဲအထိရောက်ရှိ၊ မိုက်ကယ်ဂျက်ဆင် သေဆုံးပြီးနောက်မှ တစ်နှစ်အတွင်း ဝင်ငွေ ဒေါ်လာသန်း ၁၀၀၀ ခန့် ရရှိ၊ ကမ္ဘာ့အကြီးဆုံး တယ်လီစကုပ်ကြီးတည်ဆောက်က ဂြိုဟ်သားများကို လေ့လာမည်၊ အိုစမာဘင်လာဒင်၏မြေးကို အင်္ဂလိပ်အမျိုးသမီးတစ်ဦးက အငှားကိုယ်ဝန်ဆောင်မွေးဖွားရန် လက်ခံ၊ အာကာသသို့ လွှတ်တင်လိုက်သည့် တောင်ကိုရီးယားဒုံးပျံ ပေါက်ကွဲပျက်စီး၊ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ ဘောလုံးစွမ်းရည်ပြသ၊ ခြိမ့်ခြိမ့်သဲဆင်နွှဲ ကမ္ဘာ့ဖလားဘောလုံးပွဲ၊ ခြေလက်ရှစ်ဖက်ပါသော ကလေးငယ်ကို အောင်မြင်စွာခွဲစိတ်ကုသပြီးစီး စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၁၅

**ယနေ့နံနက် ၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မောင်တောမြို့တွင် ၁၃ဒသမ ၄၇လက်မ၊ မြောက်ဦးမြို့တွင် ၁၁ဒသမ ၁၀လက်မ၊ ကျောက်တော်မြို့တွင် ၉ဒသမ ၄၅လက်မ၊ ဂွမြို့တွင် ၆ဒသမ ၁၄လက်မ၊ စစ်တွေမြို့တွင် ၅ဒသမ ၇၅လက်မ၊ ပလက်ဝမြို့တွင် ၄ဒသမ ၄၅လက်မ၊ သံတွဲမြို့တွင် ၃ဒသမ ၉၇လက်မ၊ မြစ်ကြီးနား မြို့တွင် ၃ဒသမ ၉၄လက်မ၊ အမ်းမြို့တွင် ၃ဒသမ ၇၀လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ဒသမ ၃၉လက်မ၊ ခရမ်းမြို့နှင့် ဇလွန်မြို့တို့တွင် ၃ဒသမ ၁၁လက်မစီ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**ဇွန် ၁၆ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားကောင်းမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

## ဘုရင့်နောင်ဈေးကြီးတွင် စုပေါင်းသွေးလှူဒါန်းမည်

ရန်ကုန် ဇွန် ၁၅

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဘုရင့်နောင်ဈေး ဈေးသာယာရေးအဖွဲ့ရုံး၌ ဇူလိုင် ၃ ရက်တွင် ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းကြမည့် သွေးလှူရှင်များအား ဈေးသာယာရေးအဖွဲ့၊ သွေးလှူဒါန်းပွဲကော်မတီနှင့် အလှူရှင်များ၏ အာဟာရဒါနများ၊ လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်လှူဒါန်းရန် စီစဉ်ထားသည်။ ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲကော်မတီမှ စီစဉ်ဆောင်ရွက်ခဲ့သည့် (၁၀)ကြိမ်မြောက် သွေးလှူဒါန်းပွဲအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန (ရန်ကုန်)သို့ သွေးပုလင်းပေါင်း ၂၈၅၀နှင့် လှူဒါန်း ငွေကျပ်ပေါင်း ၁၉၅၅၀၀၀၀ကို လှူဒါန်းခဲ့ပြီး ဖြစ်သည်။

**လှူဒါန်းနိုင်**

(၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲသို့ သွေးလှူဒါန်းလိုသူများနှင့် ငွေနှင့် ပစ္စည်းလှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် သွေးလှူဒါန်းပွဲ ကော်မတီဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၇၂၈၄၆၇ နှင့် ဈေးသာယာရေးအဖွဲ့ရုံး ဖုန်း-၆၈၂၀၁၉ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကြံခင်းမြို့နယ် ၂၀၁၀ခုနှစ် မိုးရာသီအတွင်း တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ တစ်ရွာတစ်ဧကနှင့် လူတစ်ဦးလျှင် ကျွန်းတစ်ပင်စိုက်ပျိုးရေး ရပ်ကွက်/ကျေးရွာ ၃၃အုပ်စုသို့ တာဝန်ပေးအပ်လွှာများ ပေးအပ်ပွဲကျင်းပစဉ်။ (သစ်တော)

## လူတစ်ဦးကျွန်းတစ်ပင်စိုက်ပျိုးရေး ကြံခင်းမြို့နယ်၌ တာဝန်ပေးအပ်

ရန်ကုန် ဇွန် ၁၅

၂၀၁၀ ခုနှစ် မိုးရာသီအတွင်း တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ တစ်ရွာတစ်ဧကနှင့် လူတစ်ဦးလျှင် ကျွန်းတစ်ပင်စိုက်ပျိုးရေး ရပ်ကွက်/ကျေးရွာ (၃၃)အုပ်စုသို့ တာဝန်ပေးအပ်လွှာများ ပေးအပ်ပွဲကို ဇွန် ၂ ရက်က ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် သစ်တောဦးစီးအရာရှိတို့က စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များ၊ စိုက်ပျိုးပုံ နည်းစနစ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖြန့်ဝေပေးသွားမည်**

၂၀၁၀ ခုနှစ် မိုးရာသီတွင် ကြံခင်းမြို့နယ် သစ်တောဦးစီးဌာနက ကျွန်းပင်ပေါင်း ၇၆၃၆၀နှင့် သစ်မာပင်ပေါင်း ၃၆၀၂၀၀၊ စုစုပေါင်း ၄၃၆၅၆၀တို့ကို ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

(မြို့နယ် ပြန်/ ဆက်)

# မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား
## တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်

နေပြည်တော် ဇွန် ၁၅

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၆ရက် နံနက်ပိုင်းက အမ်းမြို့ တိုင်းစစ်ဌာနချုပ်၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

အစီအစဉ်အရ တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပျိုးပင်ပေါက်များပေးအပ်ပြီး ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းမှူးသည် အမ်းတောင်ခန်းမ၌ ကျင်းပသော တိုင်းမှူးဒိုင်းစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ (သတင်းစဉ်)

# ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား
## ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၁၅

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ဇွန်၁၂ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

**တိုက်ကွမ်ဒို ပြိုင်ပွဲဖွင့်**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (အား/က)





အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**ပြန်လည်အပ်နှံ**

ရှေးဦးစွာ ပြိုင်ပွဲဝင် အားကစားသမားများ ကွင်းအတွင်းဝင်ရောက် နေရာယူကြပြီး ယမန်နှစ် ချန်ပီယံအသင်းများဖြစ်သော ကယားပြည်နယ် အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသားအသင်းတို့က ဆုဖလားနှင့် ဒိုင်းဆုကြီးများကို ဝန်ကြီးထံ ပြန်လည်အပ်နှံကြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**ချီးမြှင့်**

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြပြီး ပထမ ဒန်အဆင့်ရရှိသူ တစ်ဦး၊ ဒုတိယ ဒန်အဆင့်ရရှိသူ သုံးဦးနှင့် တတိယဒန်အဆင့်ရရှိသူ ၄၄ဦးတို့အား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ခါးစည်းအဆင့် အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ပေးကာ ပြိုင်ပွဲကို စတင် ကျင်းပသည်။

**ကျင်းပ**

အဆိုပါပြိုင်ပွဲများကို ဇွန် ၁၄ရက်အထိ နေ့စဉ် နံနက် ၉နာရီ မှစ၍ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တာချီလိတ်၌ ဟောပြော

တာချီလိတ် ဇွန် ၁၅

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဇွန် ၁၁ ရက် နံနက် ၈ နာရီက တာချီလိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကိုကိုနိုင်က အဖွင့်အမှာစကားပြောကြားသည်။

**ဟောပြော**

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးအတူးက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုဆိုင်ရာ ဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဉာဏ်လင်းထိုက်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ကျန်းမာရေးဆိုင်ရာများအားလည်းကောင်း၊ တာချီလိတ် မူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူအရာရှိ ရဲမှူး ရွှေညာမောင်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးဆောင်ရွက်ချက်များကို ဟောပြောကြသည်။ (ဝဲပုံ)

**ပညာပေး**

အလားတူ ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ယင်းနေ့ နံနက် ၁၀နာရီတွင် တာချီလိတ်မြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပုန်းထွန်၌ ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးအတူး၊ ဒေါက်တာ ဉာဏ်လင်းထိုက်နှင့် တာချီလိတ် မူးယစ်(အထူး)အဖွဲ့ ဒုတိယရဲမှူး မြင့်စိုးတို့က ပညာပေး ဟောပြောခဲ့သည်။ (၀၁၆)





## လူတစ်ဦး ကျွန်းတစ်ပင် စိုက်ပျိုးရေး ရှင်းလင်းဆွေးနွေး

*ခရမ်း ဇွန် ၁၅*

*ရန်ကုန်တောင်ပိုင်းခရိုင် သစ်တောဦးစီးဌာန သန်လျင်မြို့နယ် ခရမ်းနယ်မြေတွင် သစ်တောဝန်ထမ်းများက ၂၀၁၀-၂၀၁၁ ခုနှစ် မိုးရာသီအတွင်း လူတစ်ဦးကျွန်းတစ်ပင် စိုက်ပျိုးမည့် ပညာပေးဟောပြောပွဲများကို ဇွန် ၇ရက်က ခမတ်ကျေးရွာနှင့် ခရမ်းမြို့နယ် အမှတ်(၇) ရပ်ကွက်တို့၌ ကျင်းပခဲ့သည်။*

***ပေးအပ်***

*အစီအစဉ်အရ ရပ်ကွက်ကျေးရွာ ဥက္ကဋ္ဌများက အမှာစကားပြောကြားပြီး ခရမ်းမြို့နယ် နယ်စီးတောအုပ်ကြီး ဦးစိုးမြင့်သန်းက စိုက်ပျိုးရသည့် ရည်ရွယ်ချက်နှင့် စိုက်ပျိုးနည်းစနစ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသူများအား ကျွန်းပျိုးပင်ပေါက် ၁၀၀၀ကို ပေးအပ်ခဲ့သည်။*

*(မြို့နယ် ပြန်/ ဆက်)*

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ**

## မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇွန် ၁၅

### ကျောင်းအပ်နှံရေးနေ့ သဲကုန်းမြို့၌ကျင်းပ

*၂၀၁၀-၂၀၁၁ပညာသင်နှစ် သဲကုန်းမြို့နယ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၈ရက် နံနက်၈နာရီခွဲက သဲကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း သာစခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးရဲမြင့်က ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)*

### အရန်သားဖွားဆရာမသင်တန်း မုံရွာ၌ဖွင့်

*မုံရွာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ဒေသခံအရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲကို ဇွန်၁ရက်က မုံရွာမြို့ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး သင်တန်းခန်းမ၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်နုနုဆွေက အမှာစကားပြောကြားသည်။ (ခရိုင် ပြန်/ဆက်)*

### ရေစကြို၌ သောက်သုံးရေလှူဒါန်းသူများအားဂုဏ်ပြု

*ရေစကြိုမြို့နယ်အတွင်း သောက်သုံးရေဖြန့်ဝေလှူဒါန်းနိုင်ရေးအတွက် ပထမအကြိမ်အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပွဲကို မေ ၂၀ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဇော်စိုးက အဖွင့်အမှာစကားပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)*

### တီးတိန်၌ အရိပ်ရပင်များ စုပေါင်းစိုက်ပျိုး

*တီးတိန်မြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့ဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင်နှင့် လမ်းဘေးဝဲယာတစ်လျှောက်တွင် ချယ်ရီပင်၊ စိန်ပန်းပင်နှင့် ငုစပ်ပင်များကို ဇွန်၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံလူငယ်အဖွဲ့တို့ စုပေါင်းစိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)*

### ကတ္တရာလမ်းသစ် ကောင်းခါးမြို့၌ဖွင့်

*ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်ရှိ ဘုရားကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ၁၂ရက်က အဆိုပါလမ်းထိပ်၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ အကျယ် ၁၈ပေ၊ အနံ ၁၃၅၁ပေရှိသည်။ (မြို့နယ် ပြန်/ဆက်)*

### ကောလင်း၌ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

*ကောလင်းမြို့နယ် ညောင်ပင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ချို့တဲ့ကျောင်းသားများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၀ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမိုးက ကျောင်းရန်ပုံငွေအတွက် ငွေကျပ်နှစ်သောင်း၊ ချို့တဲ့ကျောင်းသူလေးဦးအား တူညီဝတ်စုံနှင့် စာရေးကိရိယာကျပ်သုံးသောင်းဖိုးစီ ထောက်ပံ့ပေးအပ်သည်။ (၀၃၂)*

### မြိုင်မြို့နယ်ပျိုးဥယျာဉ်၌ သစ်ပင်၉၀၀၀၀ကျော် ပျိုးထောင်

*ပခုက္ကူခရိုင် မြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မေ ၃၀ရက်က မြို့နယ်သစ်တောဦးစီးဌာနပျိုးဥယျာဉ်တွင် ပြုစုပျိုးထောင်ထားသော ကျွန်း၊ ယူကလစ်၊ တမာ၊ ကံ့ကော်၊ ယင်းမာ၊ ပျဉ်းကတိုးနှင့် သဘော်ာတည် သစ်ပင်ပေါင်း ၉၃၉၈၆ပင် ဖြစ်ထွန်းမှုကို ကြည့်ရှုကြသည်။ (မြို့နယ် ပြန်/ဆက်)*

### ညောင်ရွှေ၌ ဈေးဆိုင်ခန်းများ ရောင်းချမှုစစ်ဆေး

*ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွဋ် ဦးဆောင်ကြီးကြပ်၍ ရုံးဝန်ထမ်းများ မေ ၂၈ရက်က မြို့မ မင်္ဂလာဈေးကြီးအတွင်း ဈေးဆိုင်ခန်းများစနစ်တကျ ရောင်းချခြင်းရှိမရှိ စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (၀၂၁)*

### ရွှေကူမြို့နယ်စည်ပင်သာယာ ရေဘုံဘိုင်အသစ်တပ်ဆင်

*ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ရန် လျာထားသော အမှတ်(၄)ရပ်ကွက် အောက်ဆွဲရေဘုံဘိုင်တွင်း(၆×၆×၂၅) ပေအား အုတ်စီနံရံပြုလုပ်မှုနှင့် ဘုံဘိုင်အသစ်တပ်ဆင်မှုလုပ်ငန်းကို ဇွန် ၂ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးပန်ထွန်းမိုးက ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)*

### ရေရရှိရေး နွားထိုးကြီး၌ တူးမြောင်းဖောက်လုပ်

*ရေအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မြင်းခြံခရိုင် ရေအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်မျိုးနှင့်အဖွဲ့သည် မေ ၂၁ရက်က နွားထိုးကြီးမြို့နယ် ရေရရှိရေးအတွက် နွားထိုးကြီးတူးမြောင်းဖောက်လုပ်ရေး ကွင်းဆင်းကြည့်ရှုကြသည်။ (၀၉၂)*

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

## အစ္စရေးတပ်ဖွဲ့ဝင်များ ပါလက်စတိုင်းတို့အားပစ်ခတ်

*ပါလက်စတိုင်းအနောက်ဘက်ကမ်းမြောင်ဒေသတွင် ဇွန် ၁၅ရက်က အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်း ခုနစ်ဦးကို ပစ်ခတ်ဖမ်းဆီးခဲ့ရာ အသက်ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။*

## တရုတ်ကိုယ်စားလှယ်အဖွဲ့ ဥရောပသုံးနိုင်ငံခရီးထွက်ခွာ

***တရုတ်ပြည်သူ့နိုင်ငံရေးဆိုင်ရာ အတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန့်ဝမ်ထောင်းဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ဖင်လန်၊ ဂျာမနီနှင့် ဒိန်းမတ်နိုင်ငံများသို့ ဇွန် ၁၅ရက်က လေ့လာရေးအလည်အပတ်ခရီး ထွက်ခွာသွားကြောင်း တရုတ်အရာရှိများက ပြောကြားသည်။***

## ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းအနည်းငယ်ကျဆင်း

*ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိရာ ဩစတြေးလျနိုင်ငံ ဗီယင်နာဈေးကွက်၌ ဇွန် ၁၅ရက်က ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၀၇ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း သတင်းထုတ်ပြန်သည်။*

## အစ္စရေးရဲတပ်ဖွဲ့ဝင်တစ်ဦး ပစ်ခတ်ခံရပြီးသေဆုံး

***အနောက်ဘက်ကမ်းခြေဒေသ ဟီဘရွန်မြို့အနီးတွင် ဇွန် ၁၅ရက်က ပါလက်စတိုင်းလက်နက်ကိုင်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစ္စရေးရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။***

## တောင်ကိုရီးယား၌ ဓာတ်ပေါင်းဖိုတည်ဆောက်မည်

*တောင်ကိုရီးယားနိုင်ငံတွင် အသေးစားနှင့်အလတ်စား နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်နိုင်ရေးအတွက် ကိုယ်ပိုင်နည်းပညာအပေါ် အခြေပြုကာ ပြည်တွင်းအီလက်ထရစ်ပါဝါကော်ပိုရေးရှင်းက ရင်းနှီးမြှုပ်နှံရေးသဘောတူညီမှုတစ်ရပ်ကို ဆိုးလ်မြို့ ၌ ဇွန် ၁၅ရက်က လက်မှတ်ရေးထိုးလိုက်ကြသည်။*

## ကာဂျစ္စတန်သို့ တူရကီလေယာဉ်နှစ်စင်းစေလွှတ်

***ကာဂျစ္စတန်နိုင်ငံတွင် မငြိမ်မသက်မှုများကြောင့် ကာဂျစ္စတန်ရှိ တူရကီနိုင်ငံသားအား ခေါ်ယူရန် လေယာဉ်နှစ်စင်းစေလွှတ်လိုက်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး ဒါဗျူတိုဂလူက ဇွန် ၁၅ရက်၌ ပြောကြားသည်။***

## အီရန်က ဒေသတွင်းသို့ ဓာတ်ငွေ့ဖြန့်ဖြူးပေးမည်

*အီရန်နိုင်ငံ၏ အလျှံပယ်ပေါကြွယ်ဝနေသည့် သဘာဝဓာတ်ငွေ့များကို စွမ်းအင်လိုအပ်နေသော ဒေသတွင်းနိုင်ငံများအား ဖြန့်ဖြူးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း အီရန်စွမ်းအင်ဝန်ကြီး မီရာကာဇီမီက ဇွန် ၁၅ရက်၌ ပြောကြားသည်။*

## လုံခြုံရေးကောင်စီတိုးချဲ့ရန် ဆီးရီးယားတောင်းဆို

***ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တိုးချဲ့ဖွဲ့စည်းရန် ဆီးရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖီဆယ်မစ်ဒက်က တောင်းဆိုလိုက်ပြီး ကမ္ဘာ့ပြဿနာများကို နိုင်နင်းစွာကိုင်တွယ်ဖြေရှင်းရန်အတွက် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းသင့်ကြောင်း ၎င်းက ဇွန် ၁၅ရက်၌ တိုက်တွန်းလိုက်သည်။***

## တရုတ်အရှေ့ပိုင်း၌ မြေပြိုမှုဖြစ်ပွား

*တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျင်းပြည်နယ် ယန်ပင်းခရိုင်တွင် ဇွန် ၁၅ရက်က မြေပြိုမှုဖြစ်ပွားရာ မော်တော်ယာဉ်နှစ်စီး မြေကြီးများပိမိပြီး ကိုးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။* ***(အောက်ပုံ)*** ***(အင်တာနက်)***





စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် မေ ၂၀ရက်က အလှူရှင်များလှူဒါန်းငွေဖြင့် မြောင်မြို့နယ် အုန်နွဲဘုတ်ကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (တိုင်းစည်ပင်)

# ပညာပေးဟောပြောပွဲ ကျင်းပမည်

***ရန်ကုန် ဇွန် ၁၅***

*ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ ဇွန် ၁၆ရက်နှင့် ၁၇ရက်တို့တွင် ဗဟန်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။*

***(သတင်းစဉ်)***

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၅

**အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ အသင်းလိုက်နှင့် တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲကို ဇွန် ၂၈ရက်မှ ဇူလိုင် ၉ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။**

ပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲ၊ အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲ၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ၁၁ချီဆွစ်စနစ်ဖြင့် တစ်ဦးချင်းနှင့်အသင်းလိုက်ပြိုင်ပွဲများကို တစ်ပြိုင်တည်းပုံစံဖြင့် ပြုလုပ်မည်ဖြစ်သည်။

**စာရင်းသွင်းနိုင်**

ဆုကြေးငွေများကို Beauty World Co.,Ltd. (Boss Ballpen) မှ အဓိက ပံ့ပိုးပေးပြီး တစ်ဦးချင်းပြိုင်ပွဲအတွက် စုစုပေါင်း ဆုကြေးငွေကျပ် ၁၀သိန်း၊ အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲအတွက် စုစုပေါင်း ဆုကြေးငွေကျပ်ခြောက်သိန်း၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲအတွက် စုစုပေါင်း ဆုကြေးငွေကျပ်သုံးသိန်း ချီးမြှင့်မည်ဖြစ်သည်။ ပါဝင် ယှဉ်ပြိုင်လိုသော တစ်ဦးချင်း အားကစားသမားများ၊ ကလပ်အသင်းများသည် ဇွန် ၂၆ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စုံစမ်းစာရင်းပေးသွင်းရန် နှိုးဆော်ထားသည်။

**(မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်)**



တာမွေမြို့နယ် ဗညားဒလလမ်း အမှတ် ၄၁၆နေ ဦးအုန်းမောင်-ဒေါ်လှလှမိသားစုက သမီးမန္တဲ့နွဲ့ဝင်း (၆)နှစ်ပြည့်အားရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း၊ အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

# ကျော့သောင်းခရိုင် ပြန်/ဆက်ဦးစီးဌာနသို့ ရုပ်မြင်သံကြားပြစက်နှင့်စာအုပ်များ လှူဒါန်း

**ကျော့သောင်း ဇွန် ၁၅**

ကျော့သောင်းမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်နှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၄ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စာရင်းစစ်ဦးစီးအရာရှိ ဒေါ်မြမြဇင်က ၂၁လက်မ ဆမ်ဆောင်းရုပ်မြင်သံကြားပြစက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီရှိန်က လက်ခံယူသည်။ **(အောက်ဝဲပုံ)**

**လှူဒါန်း**

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်ဝင်းက ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးစနစ်များကို ကျေးရွာစာကြည့်တိုက်များအတွက် ၃၅အုပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေဇင်ဦးက လက်ခံယူပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**



**မေ ၁၅ရက်က မြင်းခြံမြို့ အမှတ် (၁၈)ရပ်ကွက်နေ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့်ဝန်ထမ်းများ အဖွဲ့ပိုင်ရေယာဉ်သုံးစီးဖြင့် ရပ်ကွက်အတွင်း ရေဖြန့်ဝေပေးစဉ်။** (မြို့နယ်စည်ပင်)

# အင်္ဂပူစာကြည့်တိုက်သို့ ဂျာနယ်များလှူဒါန်း

အင်္ဂပူ ဇွန် ၁၅

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့ရှိ အင်္ဂပူစာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို မေ ၂၁ရက် နံနက် ၁၁နာရီခွဲက အဆိုပါစာကြည့်တိုက်၌ကျင်းပသည်။

**လက်ခံယူ**

အခမ်းအနားတွင် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက အင်္ဂပူစာကြည့်တိုက်အတွက် သတင်းစာအစောင် ၁၇၀၊ ဂျာနယ် ၁၈၄စောင်၊ သုတ၊ ရသ မဂ္ဂဇင်း ၄၉အုပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ရှင်းမောင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

# စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဝက်လက်၌ တွေ့ဆုံဟောပြော

**ဝက်လက် ဇွန် ၁၅**

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်းသည် မေ ၅ ရက် နံနက် ၈ နာရီက ဝက်လက်မြို့နယ် သမံသာကျေးရွာအုပ်စု တောကုန်းကျေးရွာ အလက(ခွဲ) ကျောင်း၌ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး တွေ့ဆုံဟောပြောပွဲ ကျင်းပသည်။

**ဟောပြော**

တွေ့ဆုံဟောပြောပွဲတွင် ဝက်လက်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက်ဟောပြောကာ တိုင်းဦးစီးမှူးက တောကုန်းကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ လှူဒါန်းသည်။

**(မြို့နယ် ပြန်/ဆက်)**







## အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၁၀) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာ့စီးပွားရေးဘဏ် ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲ

## ဘဏ္ဍာ/အခွန် ဝန်ကြီးဦးလှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၁၅

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဇွန် ၁၁ရက် မွန်းလွဲပိုင်းက နေပြည်တော် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၁၀) ဆင်းပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။**

ဆက်လက်၍ ဝန်ကြီးက သင်တန်းတွင် ပထမဆုရ မြစ်ကြီးနားဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်မာလာသန်း၊ ဒုတိယဆုရ နတ်မောက်ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်ခင်ညိုနှင့် တတိယဆုရ မိုင်းဆတ်ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဦးမြင့်သိန်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်က သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသူတစ်ဦးထံ ပေးအပ်သည်။

### လေ့လာသင်ယူ

အဆိုပါ မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၁၀) တွင် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်၊ တိုင်းများရှိ မြို့နယ်ဘဏ်ခွဲများမှ လက်ထောက်မန်နေဂျာ သင်တန်းသား သင်တန်းသူ ၄၀တို့သည် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာများ အစရှိသည်တို့ကို ရက်သတ္တ လေးပတ်ကြာ လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်

## ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများကျင်းပ

နေပြည်တော် ဇွန် ၁၅

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန်၁၃ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ နေပြည်တော် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း(ရွာတော်)၌လည်းကောင်း၊ တက္ကသိုလ်၊ကောလိပ်အဆင့်ပြိုင်ပွဲများကို နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်ခန်းမ၌လည်းကောင်း အသီးသီးကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်၊ ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။**

### ဝင်ရောက်ယှဉ်ပြိုင်

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲသို့ နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူ ၂၃ဦးနှင့် အခြေခံပညာအဆင့်တွင် နေပြည်တော်ခရိုင် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့မှ ကျောင်းသား ကျောင်းသူ ၂၁၀ စုစုပေါင်း ၄၄၁ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန် ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ပိုစတာပြိုင်ပွဲ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ထို့အတူ ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ပိုစတာပြိုင်ပွဲကို ဇွန် ၁၂ရက် နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိနေပြည်တော် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း (ရွာတော်)၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန် ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး အဆိုပါပြိုင်ပွဲသို့ နေပြည်တော်ခရိုင် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

### တစ်ပြိုင်တည်း ကျင်းပ

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများ၏ ဆောင်ပုဒ်မှာ (Everyone Counts) မထပ်၊ မကျန်၊ မှန်ကန်မှု အချက်အလက်တွေ စုံအောင်စု၊ လူဦးရေနှင့် ဖွံ့ဖြိုးမှုဖြစ်ကာ ပြိုင်ပွဲများကို အခြေခံပညာအဆင့်နှင့် တက္ကသိုလ်၊ ကောလိပ်အဆင့်များခွဲ၍ နေပြည်တော်နှင့် ပြည်နယ်နှင့်တိုင်းများရှိ သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း ကျင်းပခဲ့ကြပြီး ဆုရရှိကြသူများအား ဇူလိုင် ၁၁ရက် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# Myanmar Book Centre
## ဈေးရောင်းပွဲတော် ကျင်းပမည်

*နေပြည်တော် ဇွန် ၁၅*

*Myanmar Book Centre ၏ စာအုပ်ဈေးရောင်းပွဲတော် Welcome Back To School & MID-Year Sale Program အစီအစဉ်ကို ဇွန်၁၈ရက်မှ၂၂ရက်အထိ ကျင်းပမည်ဖြစ်သည်။*

*အဆိုပါ အစီအစဉ်တွင် Customers များအနေဖြင့် Discount ရရှိခြင်း၊ Gift Book များရရှိခြင်းနှင့် ကံစမ်းမဲများရရှိခြင်းအကျိုးကျေးဇူး သုံးမျိုးရရှိမည်ဖြစ်သည်။ Members များအား ၁၅ ရာခိုင်နှုန်း Discount နှင့် Non-members များအား ၁၀ရာခိုင်နှုန်း Discount ပေးသွားမည့်အပြင် ငွေကျပ် ၅၀၀၀ ဖိုးဝယ်ယူသူတိုင်းအား Gift Book တစ်အုပ်စီ လက်ဆောင်ပေးသွားမည်ဖြစ်ပြီး Discount နှင့် Readers စုစုပေါင်းကျပ်သိန်း ၃၀ ဖိုးရှိ ကံစမ်းမဲများလည်း ဖောက်ပေးသွားမည်ဖြစ်သည်။ Gift Book များမှာ Readers, Reference Book (e.g, Dictionary & Encyclopedia), General Knowledge Books, Fiction/ Non-fiction, Self- Development Book, Art & Science Books များ များစွာပါဝင်ကြောင်း သိရသည်။*

### ရောင်းချပေးမည်

*ယခုစာအုပ်ပွဲတော်တွင် မူလတန်းမှ Igcse အထိ သင်ရိုးညွှန်းတမ်းစာအုပ်များ၊ နာမည်ကြီး Classics များ၊ Juvenile Readers များ၊ Dictonary၊ Encyclopedia များ စုစုပေါင်း စာအုပ်အသစ်ပေါင်း ၂၀၀၀၀ကျော်ပြသပေးသွားမည်ဖြစ်ရာ ပုဂ္ဂလိကကျောင်းများသာမက အစိုးရကျောင်းများတွင် သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် လွန်စွာအသုံးဝင်မည့် စာအုပ်များဖြစ်သည်။ နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းစာအုပ်များ အထူးသဖြင့် စင်ကာပူသင်ရိုးစာအုပ်များ များစွာရောင်းချပေးသွားမည်ဖြစ်သည်။*

### ကျင်းပမည်

*Welcome Back To School & MID-Year Sale Program အစီအစဉ်ကို Myanmar Book Centre ဆိုင်(၁) အမှတ် ၅၅ ဗဟိုလမ်း ဗဟိုလမ်းနှင့် အလုံလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့နှင့် ဆိုင်(၂)အမှတ် ၅၆၁-၅၆၇ အခန်း ၃ မြေညီထပ် MAC Tower (1) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့တွင် နံနက်၉နာရီမှ ညနေ၆နာရီနှင့် မန္တလေးဆိုင်ခွဲဖြစ်သော Room (429), Level-4, 78 Shopping Centre, Mandalayဆိုင်တွင် နံနက်၉နာရီမှ ည၉နာရီအထိ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်သည်။* ***(သတင်းစဉ်)***

**စာအုပ်စာပေ လှူမိတ်ဆွေ**

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး အိမ်တွင်းမှု(မြိတ်)၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဉာဏ်လင်းမြင့်သည် ဇွန် ၄ရက်က မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျောင်းအုပ်နှင့် ဆရာမများနှင့် သင်တန်းသူများအားတွေ့ဆုံပြီး **(ယာပုံ)** သင်တန်းခန်းမ၌ သင်တန်းကုန်ထုတ်လုပ်မှု လုပ်ငန်းထွက်ပစ္စည်းများ၊ သင်တန်းသူများအိပ်ဆောင်နှင့် သီးပင်စားပင်များကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**





ဇွန် ၁၂ရက်က မိဘများနှင့် ဒေါ်တင်လှအားရည်စူး၍ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တော်ဝင်လမ်းနေ ဦးတင်ရွှေ-ဒေါ်လှရီ သားသမီး၊ မြေးတစ်စုက ကြည့်မြင်တိုင်မြို့နယ် ပန်းတဉ်းတန်းအသင်းက ကြီးမှူး၍ လှူဒါန်းနိုင်ရန်အတွက် ရွှေစင်တစ်ကျပ်ခွဲသားတန်ဖိုးရှိ ငွေကျပ် ၇၈၀၀၀၀ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးဘသင်းနှင့် အလုပ်အမှုဆောင်အဖွဲ့က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

## မြဝတီရုပ်မြင်သံကြား

**၁၆-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၅ ၃။ အမျိုးသားရေး တေးကဗျာ
- ၄:၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၂၅ ၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ Mail Box
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၂၁)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြည်လှည်းကလေး** (အပိုင်း-၁၉)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ အိုင်စီသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) စပိန်နှင့် ဆွစ်ဇာလန်**

**၁၇-၆-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၀၁:၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) တောင်အာဖရိကနှင့် ဥရုဂွေး**



# အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိစေရန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့်

## မဟာဗျူဟာ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၅

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ကြီးကြပ်စီမံမှုနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးအောက်ရှိ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်တို့ ပူးပေါင်း၍ အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိစေရန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ကျင်းပသည့် မဟာဗျူဟာစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) ကေတုမတီခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)**

ထို့နောက် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ Mr.Zeni Latip က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

### တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦး၊ ဦးဝင်းအောင်နှင့် ဦးညီထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### လေးရက်ကြာ

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ အလယ်အလတ်အဆင့် စီမံခန့်ခွဲရေးအရာထမ်း ၂၄ ဦးတို့ တက်ရောက်ကြပြီး Understanding and Formulation of Vision and Mission, SWOT Analysis, Overview and Introduction to Balanced Scorecard အကြောင်းအရာ သင်ခန်းစာများကို ဇွန် ၁၈ရက်အထိ လေးရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ABE Diploma in Business Management

## သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၅

Wise International School for Executives က Association of Business Executives(ABE),U.K မှ ပေးအပ်သည့် ABE Diploma in Business Management သင်တန်းများကို ဇွန်လတတိယပတ်တွင် ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

### ချီးမြှင့်

တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုပြီးသူတိုင်း တက်ရောက်သင်ကြားနိုင်သော Certificate သင်တန်းများ၊ တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ကြားနေသော ကျောင်းသားများအပြင် တက္ကသိုလ်မှ ဘွဲ့ရပြီး လုပ်ငန်းခွင်တွင်ဝင်ရောက်လုပ်ကိုင်နေသူများ တက်ရောက် သင်ကြားနိုင်သော Diploma သင်တန်းများကို တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပြီး အဆိုပါ သင်တန်းများမှ အောင်မြင်သူများကို ABE,U.K မှ နိုင်ငံတကာအဆင့် အောင်လက်မှတ်များကို တိုက်ရိုက်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

### သင်ကြားမည်

WISE သင်တန်းကျောင်းတွင် စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခကြီးများ၊ ဆရာ ဆရာမကြီးများ၏ ထိရောက်သော သင်ကြားမှုများ၊ နေ့စဉ်အနီးကပ် လေ့ကျင့်သင်ကြားမှုများ စသည်ဖြင့် အထူးဂရုပြုသင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး စာမေးပွဲကို ၂၀၁၀ခုနှစ် ဒီဇင်ဘာလဆန်းတွင် ABE,U.K က ကြီးမှူး၍ တိုက်ရိုက်စစ်ဆေးသွားမည်ဖြစ်သည်။

သင်တန်းသားများသည် WISE မှ လစဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော Free Seminar များ၊ Short Course များကိုလည်း တက်ရောက်သင်ကြားခွင့် ရရှိနိုင်မည်ဖြစ်သည်။

### မေးမြန်းနိုင်

အဆိုပါသင်တန်းသို့ စိတ်ပါဝင်စားသူများသည် WISE International School for Executives အခန်းအမှတ် ၁၀၀၉ အထပ် ၁၀ ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၆-၁၈၃နှင့် ၀၉-၅၁-၅၇၀၃၂တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**ဇွန် ၁၃ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥတိုကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းမြင့်အောင် ကျေးရွာပြည်သူများအား မှုခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။**

(မြို့နယ် ပြန်/ဆက်)

# ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီနှင့် တွေ့ဆုံမေးမြန်းခြင်း သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၂)ကို ဖြန့်ချိထားသည်။

ရမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) ဆိုင်းဘုတ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားရေးအဖွဲ့ချုပ် ဆိုင်းဘုတ်နှစ်ခုတို့ကို တစ်ပြိုင်တည်းဖွင့်လှစ်၊ မွန်ဘိုင်းမြို့ ရွှေတိဂုံပုံတူစေတီတော်ရင်ပြင်တွင်ထားရှိသည့် မြန်မာနိုင်ငံမှ လှူဒါန်းသော ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားအနေကဇာတင်ပွဲကျင်းပပြီးစီး၊ အငှားယာဉ်မောင်းအား ဓားဖြင့်ခုတ်သတ်သူလေးဦးကို နှစ်ရက်အတွင်း ဖမ်းဆီးရမိ၊ ရန်ကုန်မြို့ ကမ်းနားလမ်းကို ခြောက်လမ်းသွားလမ်းမကြီးအဖြစ် စတင်ဖောက်လုပ်၊ တာမွေပလာဇာ အရှုပ်အရှင်းနှင့်ပတ်သက်၍…၊ နေရာအတည်တကျမရှိသော ရတနာကုန်သည်များကို GEMS Center တွင် ဦးစားပေးနေရာများချပေး၊ စိမ်းလဲ့ကန်သာ ငါးလောင်းပြိုင်လူသတ်မှုနှင့် $X_2O$ရေကစားမဏ္ဍပ် ဗုံးဖောက်ခွဲသည့်တရားခံများ ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း ရဲချုပ်မှပြောကြား၊ အနုပညာရှင်နှင့် စာရေးဆရာများအား ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ဖိတ်ခေါ်သည့် နိုင်ငံတကာအတွေ့အကြုံဖလှယ်ရေး အစီအစဉ်အတွက် စိတ်ဝင်စားသူများ လျှောက်ထားနိုင်၊ ရုပ်ရှင်သရုပ်ဆောင် အမျိုးသား အမျိုးသမီး ဘောလုံးအသင်း ပြန်လည်ဖွဲ့စည်းမည်၊ ဒုတိယကမ္ဘာစစ်အတွင်းကနစ်မြုပ်ခဲ့သော ဗြိတိသျှစစ်သင်္ဘောတစ်စင်းကို ပြန်လည်ဖော်ယူ၊ အီရန်ကို အမေရိကန်နှင့် အစ္စရေးတို့ပူးပေါင်းပြီး လက်ဦးမှုရယူ တိုက်ခိုက်ခြင်းကို ကုလသမဂ္ဂလုံခြုံရေးအဖွဲ့က ခွင့်ပြုမှာလား၊ မြောက်ကိုရီးယားက ဆိုးလ်မြို့ကို မီးဟုန်းဟုန်းတောက်သွားအောင် တိုက်ခိုက်မည်ဟု ခြိမ်းခြောက်၊ ဒူဘိုင်း ဟိုတယ်အတွင်း ဟားမာ့စ် အကြီးအကဲအားသတ်ဖြတ်သည်ဟု သံသယဖြစ်ဖွယ် မော့ဆက်အေးဂျင့်အား ပိုလန်တွင်ဖမ်းဆီးရမိ၊ အိုဘားမားက ဘုရှ်ခြေလှမ်းများကိုလိုက်လျှင် အမေရိကလမ်းဆုံးကို ရောက်သွားမည်ဟု အီရန်သမ္မတပြောကြား စသည့်နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

# မောင်တောမြို့၏ မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇွန် ၁၅

**ဇွန် ၁၅ရက် နံနက် ၉နာရီခွဲတွင် မောင်တောမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၃၄၂ မီလီမီတာ (၁၃ ဒသမ ၄၇ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၃၈ နှစ်အတွင်း ဇွန်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၃၂၅ မီလီမီတာ (၁၂ ဒသမ ၈၀ လက်မ) ဖြစ်ပြီး ၁၉၉၀ပြည့်နှစ် ဇွန် ၂၄ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ဝင်စတန်ရိဒ်၏ဂိုးဖြင့် နယူးဇီလန် တစ်မှတ်ရခဲ့ ဒရော့ဘာနှင့် ဒိုလေး တစ်မှတ်စီ ခွဲဝေယူ

**မြင့်မောင်စိုး - စုစည်းရေးသားသည် ⟵ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း**



ဂျိုဟန်နစ္စဘတ် ဇွန် ၁၅

၂၀၁၀ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရာ အုပ်စု (စ)မှ နယူးဇီလန်နှင့် ဆလိုဗက်ကီးယားအသင်းတို့သည် ဇွန် ၁၅ရက် ညနေပိုင်းက ရွိုင်ရယ်ဘာဖိုးကင်း အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ယင်းပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီး အဖြစ် ကရိုမီဒါမွန်က ဆောင်ရွက်ခဲ့သည်။

### ခြိမ်းခြောက်ကစား

နယူးဇီလန်အသင်းကို ဆီမွန်အီလျိုက်ကဦးဆောင်ကစားပြီး ဆလိုဗက်ကီးယားအသင်းအား ဟမ်ဆစ်က ဦးဆောင်ကစားခဲ့ခြင်းဖြစ်သည်။ ပွဲစပြီး ငါးမိနစ်အတွင်းမှာပင် နယူးဇီလန်က ခြိမ်းခြောက်ကစားခဲ့သည်။ နယူးဇီလန်ကစားသမား မစ်ဒယ်ဘရော့ တိုက်စစ်မှူး ခရစ်ကေးလန်းက အဝေးမှ အမှတ်မထင် ကန်သွင်းဘောနှင့် ခေါင်းတိုက်ဘောတို့မှာ ဆလိုဗက်ကီးယားတို့အတွက် ပင့်သက်ချခဲ့ရသည်။ သို့သော် ပထမပိုင်းတစ်ချိန်လုံး ဆလိုဗက်ကီးယားက နယူးဇီလန်နောက်တန်းကို ခြိမ်းခြောက်ကစားခဲ့သည်။



**နယူးဇီလန်အသင်းအတွက် ဝင်စတန်ရိဒ်က ဤသို့ ခေါင်းတိုက်ချေပဂိုး သွင်းခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

### ဦးဆောင်ဂိုး

ဤသို့ ဆလိုဗက်ကီးယားတို့ ဆက်တိုက်ခြိမ်းခြောက်ကစားနိုင်မှုကြောင့် ပွဲချိန် မိနစ် ၅၀တွင် ရောဘတ်ဗစ်တက်စ်က ဆလိုဗက်ကီးယားအတွက် ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ဂိုး သွင်းပြနိုင်ခဲ့သည်။

### တစ်မှတ်စီ

ဆလိုဗက်ကီးယားတို့ ယင်းအနိုင်ဂိုးဖြင့် ဂိုးပြန်မပေးရရေး ပိတ်ဆို့ကစားခဲ့သည်။ သို့သော် လေလွင့်ချိန်တွင် ရှိန်းစမတ် တောင်ပံမှ ဖြတ်ပို့လိုက်သော ဘောလုံးကို ဝင်စတန်ရိဒ်က ခေါင်းတိုက်ချေပဂိုး သွင်းယူလိုက်သဖြင့် ဆလိုဗက်ကီးယားတို့၏ နိုင်ပွဲ အိပ်မက်ပျက်ပြယ်ခဲ့ရသည်။ ယင်းပွဲ သရေဖြစ်ခဲ့သဖြင့် နယူးဇီလန်၊ ဆလိုဗက်ကီးယား၊ အီတလီနှင့် ပါရာဂွေးတို့သည် အုပ်စု(စ)တွင် တစ်မှတ်စီ ရရှိထားကြသည်။



**အိုင်ဗရီကို့စ် ကစားသမား တီယိုတေး(ဝဲ)နှင့် ပေါ်တူဂီ ကစားသမား ဒေကိုတို့ ဤသို့ အကြိတ်အနယ်….။** (အင်တာနက်ဓာတ်ပုံ)

### ဒုတိယပွဲစဉ်

နာမည်ကြီးအသင်းများဖြစ်ကြသည့် အိုင်ဗရီကို့စ်နှင့် ပေါ်တူဂီတို့သည် အုပ်စု(ဆ) ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အိုင်ဗရီကို့စ်အသင်းကို တိုရေးက ဦးဆောင်ပြီး ပေါ်တူဂီအသင်းအား ဒိုလေး ဦးဆောင်ကစားခဲ့သည်။

အိုင်ဗရီကို့စ်အသင်းတွင် ယာယာတိုရေး၊ ဒင်ဒိန်း၊ အီဘိုးတို့ ပါဝင်ကစားခဲ့သည်။ ပွဲချိန် ၆၅မိနစ်တွင် ကာလူးအစား တိုက်စစ်မှူး ဒရော့ဘာ ဝင်ကစားခဲ့သည်။

### ဖျက်ထုတ်ပေးနိုင်

ပေါ်တူဂီအသင်းတွင်လည်း အီဒူယာဒို၊ ကာဗယ်လ်ဟိုနှင့် ဒေကိုတို့ ပါဝင်ခြေစွမ်းပြခဲ့ကြသည်။ ပထမပိုင်းတွင် စီရိုနယ်ဒို အကောင်းဆုံးအခွင့်အရေးရပြီး ၃၅ကိုက်မှ ကန်သွင်းရာ တိုင်ထိထွက်သွားခဲ့သဖြင့် အဖွင့်ဂိုးနှင့် လွဲခဲ့ရသည်။ ထို့အတူ အိုင်ဗရီကို့စ် တိုက်စစ်မှူး တီယိုတေးကလည်း ၂၅ ကိုက်မှ မနားတမ်း ကန်သွင်းရာ ဂိုးဘားတန်းကျော်သွားသဖြင့် အဖွင့်ဂိုးနှင့် လွဲခဲ့ရသည်။ ကာလူး၏ ၁၈ကိုက်အကွာမှ ကန်သွင်းချက်ကိုလည်း အီဒူယာဒို ဖျက်ထုတ်ပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် တိုက်စစ်မှူး ဒရော့ဘာ အနီးကပ် ကန်သွင်းမှုမှာလည်း အပေါ်ထောင်တက်သွားသဖြင့် အိုင်ဗရီကို့စ်တို့ ဂိုးမရခဲ့ပေ။ ပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့သဖြင့် သရေပွဲဖြစ်ပြီး တစ်မှတ်စီ ခွဲဝေယူခဲ့ကြရသည်။ ။

**ကိုးကား-အင်တာနက်**

# နိုင်ငံတော်တွင် မှန်ကန်သောမူဝါဒနှင့် ခိုင်မာသောရည်မှန်းချက်များ တိကျစွာချမှတ်လမ်းညွှန်ပေးထား၊ ထိရောက်စွာ

# အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြ

❒ ရှေ့ဖုံးမှ

### အကျိုးဖြစ်ထွန်း

ထို့နောက် ဝန်ကြီးချုပ်သည် နေပြည်တော် - တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းကို B.O.T စနစ်ဖြင့် ဖောက်လုပ်နေသည့် ကုမ္ပဏီများမှ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ယခုဆောင်ရွက်နေသည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) လမ်းအပိုင်းတွင် B.O.T စနစ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသကဲ့သို့ နိုင်ငံတော်တစ်ဝန်းလုံးတွင်လည်း B.O.T စနစ်ဖြင့် လမ်းမိုင်ပေါင်းများစွာကို ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းစတင်ချိန်တွင် ရင်းနှီးမြှုပ်နှံရသည့် ငွေကြေးပမာဏများပြားသော်လည်း ရေရှည်တွင် အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူထားသည့် လမ်းအပိုင်းများ ပိုမိုကောင်းမွန်ချောမွေ့လာသည်နှင့်အမျှ ဒေသအတွင်း ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အတွက်ရော လုပ်ငန်းရှင်များအတွက်ပါ မျှတစွာ အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း။

ဤလမ်းပိုင်းကို ဖောက်လုပ်ခဲ့ရာ၌ လက်ရှိမြေသားလမ်း အဆင့်မှာပင် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများ ခရီးသွားလာရေးနှင့်ဒေသထွက်ကုန်စည်များ ကူးသန်းရောင်းဝယ်ရေးတို့အတွက် ကား၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီယာဉ်များဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပြီးစီးသွားပါက ဤလမ်းမကြီးနှင့် ဆက်စပ်လျက်ရှိသော ဒေသများအားလုံး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကဏ္ဍများလည်း တစ်ဆက်တစ်စပ်တည်း သိသိသာသာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

### တစ်ပြိုင်တည်းဆောင်ရွက်

ဒေသခံပြည်သူများ အချင်းချင်းထိတွေ့ဆက်ဆံမှု ပိုမိုများပြားလာကာ ပိုမိုချစ်ခင် ရင်းနှီးလာစေရေးအတွက် ယခုဖောက်လုပ်သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) လမ်းအပါအဝင် မိမိတို့ အစိုးရလက်ထက်၌ ပဲခူးရိုးမဖြတ်ကျော်လမ်းများကို အသစ်ဖောက်လုပ်ခြင်း၊ ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်းများကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လမ်းအပိုင်းများ ဆောင်ရွက်ကြရာတွင် စီးပွားရေး လုပ်ငန်းတစ်ရပ်အဖြစ်သာ မရှုမြင်ဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ကို အထောက်အကူပြုသယ်ပိုးနိုင်သည့် ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်အဖြစ် ရှုမြင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းအတွေ့အကြုံ နုနယ်သေးသည့် လုပ်ငန်းရှင်များအား နည်းစနစ်ပိုင်းဆိုင်ရာများ၊ အတတ်ပညာပိုင်းဆိုင်ရာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်၍ အချိန်မီပြီးစီးရေးနှင့် လမ်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေးအတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

### တာဝန်ယူဆောင်ရွက်

ယင်းနောက် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) လမ်းဖောက်လုပ်ရေးစီမံကိန်း တာဝန်ခံ အင်ဂျင်နီယာချုပ် ဦးဝင်းဖေက လမ်းဖောက်လုပ်ရာတွင် မြေသားလမ်းအဆင့် တာဝန်ယူဆောင်ရွက်မည့် ဌာနနှင့် ကုမ္ပဏီများကို တာဝန်ခွဲဝေနေရာချထားမှု၊ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ရန် တာဝန်ယူဆောင်ရွက်မည့်ဌာနနှင့် ကုမ္ပဏီများကို တာဝန်ခွဲဝေ နေရာချထားမှုနှင့် ကန်ပြားအပိုင်း တည်ဆောက်ရန် လျာထား ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းကို မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးမှု၊ လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုနှင့် အခြေခံလွှာ ကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေသည့် လမ်းလုပ်သားများအား ရင်းနှီးစွာနှုတ်ဆက်အားပေးပြီး ဒေသဖွံ့ဖြိုးလာမှုနှင့် အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိလာမှု အခြေအနေများကို ဆွေးနွေးမေးမြန်းသည်။

### ရာသီမရွေးသွားလာနိုင်

နေပြည်တော် -တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းသည် ပဲခူးရိုးမကိုဖြတ်ကျော်၍ နေပြည်တော်နှင့် မကွေးမြို့တို့ကို ဆက်သွယ်ပေးမည့် လမ်းမသစ်ကြီးဖြစ်သည်။ ယခုအခါ မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးပြီဖြစ်၍ ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှိ သင်ကြားရေး ဆေးရုံကြီး (မကွေး)သို့ ရောက်ရှိကြသည်။

### စစ်ဆေးကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံခန်းမဆောင်၌ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးတက္ကသိုလ်(မကွေး)မှ ကျောင်းသားကျောင်းသူများအားတွေ့ဆုံ၍ ယခုကဲ့သို့ မိမိနှင့်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ မကွေးတိုင်းအတွင်း လာရောက်ခြင်းမှာ တည်ဆောက်လျက်ရှိသော လမ်းတံတားလုပ်ငန်းများအပါအဝင် အခြားသော တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင်မြင်မှုများကို စစ်ဆေးကြည့်ရှုပြီး နိုင်ငံတော်အပိုင်းက ဖြည့်ဆည်း ဆောင်ရွက်ပေးရန်ရှိသည်များကို ပံ့ပိုးကူညီပေးသွားရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းအတွင်း ဧရာဝတီမြစ်ကူးတံတားကြီးများအပါအဝင် တံတားကြီးငယ်များ၊ ရထားလမ်းများ၊ ရိုးမဖြတ်ကျော်လမ်းများနှင့် ခရိုင်ချင်း၊ မြို့နယ်ချင်းဆက်စပ်ပေးသည့် လမ်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ အရှည်ဆုံးမြစ်ကူးတံတားကြီးဖြစ်သည့် ဧရာဝတီ မြစ်ကူးတံတား (ပခုက္ကူ)နှင့် ရာသီဥတုအခြေအနေပေါ်မူတည်၍ အန္တရာယ်များပြားစွာ ဖြတ်သန်းရသည့် ဒေါင်းနေချောင်းကို ကျော်လွှားမည့် တံတားကြီးကိုပါ အလျင်အမြန်ပြီးစီးအောင် တည်ဆောက်ပေးလျက်ရှိကြောင်း။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မကွေးမြို့ရှိ သင်ကြားရေးဆေးရုံကြီး (မကွေး)၌ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးတက္ကသိုလ် (မကွေး) မှ ကျောင်းသားကျောင်းသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

### ဖိဖိစီးစီးကြိုးပမ်း

နိုင်ငံတော်တွင် မှန်ကန်သောမူဝါဒနှင့် ခိုင်မာသော ရည်မှန်းချက်များဖြင့် တိကျစွာ ချမှတ်လမ်းညွှန်ပေးထားပြီးဖြစ်ရာ ပြည်သူလူထုက ထိထိရောက်ရောက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်သွားပါက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာမှာဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက မကွေးတိုင်းအတွင်းရှိ မြို့နယ်များတွင် မွေ့ကိုက်လူနာများသော မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများအတွက် မြွေဆိပ်ဖြေဆေးများကို ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

### အောင်မြင်စွာခွဲစိတ်

ထို့နောက် သင်ကြားရေးဆေးရုံကြီး (မကွေး)မှ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာသန်းဌေးက



### ပြည်ထောင်စုစိတ်ဓာတ်

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာပြီး ဒေသအတွင်း စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးမှုခိုင်မာအားကောင်းလာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်းလုံးသို့ ကူးသန်းသွားလာနိုင်မှာ ဖြစ်ကြောင်း၊ ထိုသို့သွားလာနိုင်ခြင်းဖြင့် တိုင်းရင်းသားပြည်သူလူထုအတွင်း **“တွေ့ပါများရင်းနှီး၊ မြင်ပါများချစ်ခင်”** ဆိုသကဲ့သို့ ရင်းနှီးချစ်ခင်မှုများမှ တစ်ဆင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားလာစေရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မှာ ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ယခင်က လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ပြည်ထောင်စုအတွင်း ကူးသန်းသွားလာဆက်ဆံမှုနည်းပါးခဲ့ပြီး နယ်ချဲ့ကိုလိုနီများ၏ သွေးခွဲသပ်လျှိုမှုများ ခံခဲ့ရကာ တစ်နိုင်ငံတည်းတွင် ရေခြားမြေခြား တစ်ပြည်တစ်ရွာစီနေထိုင်ပြီး သူစိမ်းပြင်ပြင် ဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲစိတ်ဓာတ်များ ပြင်းထန်လာပြီး နှစ်ပေါင်း (၅၀)ကျော် ဆူပူသောင်းကျန်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း။

### သင်ခန်းစာယူ

တိုင်းပြည် လွတ်လပ်ရေးရပြီးစအချိန်၌ ပြည်သူလူထုအပေါင်းက လုံခြုံတည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ကြတော့မည်ဟု ယုံကြည်မျှော်လင့်နေချိန်တွင် အဆိုပါဆူပူသောင်းကျန်းမှုများကို တွန်းလှန်ကာကွယ်ရင်း အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရကြောင်း၊ မည်သူနိုင်၍ မည်သူရှုံးသည်ဖြစ်စေ မိမိတို့၏ သွေးချင်းညီအစ်ကို မြန်မာနိုင်ငံသား တိုင်းရင်းသားများ၏ အသက်ဆုံးရှုံးရခြင်းပင် ဖြစ်သည်ကို သင်ခန်းစာယူရမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံအတွင်း မည်သည့်နေရာတွင်ဖြစ်စေ အိမ်ဦးနှင့် ကြမ်းပြင်ပမာ ကူးသန်းသွားလာနိုင်ရေးအတွက် တောင်ပေါ်မြေပြန့် ပင်လယ်ကုန်းတွင်း ဒေသအနှံ့အပြားတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

### ပညာ၊ ကျန်းမာ

အလားတူ ပညာရေး၊ကျန်းမာရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်လာနိုင်စေရန် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်ကာ ဒေသတစ်ခုတွင် ခုတင် (၁၀၀)ဆံ့ ဆေးရုံ၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တစ်ခုစီ တည်ဆောက်ပေးခဲ့ကြောင်း၊ ယခုသင်ကြားရေးဆေးရုံကဲ့သို့ အဆင့်မြင့်ပညာရပ်များ သင်ကြားပေးနိုင်သည့် ဘာသာရပ်ဆိုင်ရာ တက္ကသိုလ်များကိုလည်း အချက်အချာကျသည့် ဒေသများတွင် ဖွင့်လှစ်ခဲ့ကြောင်း။

### ဂုဏ်ပြုမှတ်တမ်းတင်

ဤသို့ ဖွင့်လှစ်နိုင်ခဲ့ခြင်း၏ ရလဒ်ကောင်းအဖြစ် ဤဆေးရုံကြီးမှ မြန်မာပြည်တွင် ပထမဦးဆုံးသော ခွဲစိတ်ကုသမှုဖြစ်သည့် ပြတ်နေသောလက်ကို ခွဲစိတ်ကုသ၍ ပြန်ဆက်ပေးနိုင်ခဲ့သည့် အောင်မြင်မှုမျိုးရရှိခဲ့ခြင်းကို ဂုဏ်ပြုမှတ်တမ်းတင်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ ဘာသာရပ်အသီးသီးတွင် ဤသို့ စွမ်းဆောင်မှုမျိုး ဆောင်ရွက်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စေတနာကောင်းနှင့်ယှဉ်တွဲ၍ လုပ်ကိုင်ဆောင်ရွက်ပေးနေမှုများမှ ဖွံ့ဖြိုးတိုးတက်လာသည့် ပညာတတ် မျိုးဆက်သစ်လူငယ်များစွာသည်လည်း အနာဂတ်နိုင်ငံတော်ကို ဆက်လက်မြှင့်တင် စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း၊ ဆရာဝန်ကြီးများအနေဖြင့်လည်း ကုသရေးတွင် ဂုဏ်ယူလောက်သည်အထိ စွမ်းဆောင်ခဲ့သည့်နည်းတူ ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ကျန်းမာရေးအသိပညာပေး လုပ်ငန်းများကိုလည်း ဆက်လက် ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၆ရက်တွင် လက်ဝဲလက်ကောက်ဝတ်မှ ပြတ်သွားသော လူနာအား ပြန်ဆက်အောင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က လက်ကောက်ဝတ်ပြတ်လူနာ မောင်မင်းသူအား ထောက်ပံ့ငွေများကို လည်းကောင်း၊ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည့် ခွဲစိတ်ကုသရေး အဖွဲ့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ပြီး ဆေးရုံအတွင်းရှိ လူနာကုသဆောင်များကို လှည့်လည်ကြည့်ရှုကာ ဆရာဝန်၊ ဆရာမများအား ဆေးဝါးကုသပေးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးမေးမြန်းသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်(၂) စက်မှုဝန်ကြီးဌာန မကွေးစက်မှုနယ်မြေစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက မကွေးစက်မှုနယ်မြေတွင် အကြီးစားမော်တော်ယာဉ်ထုတ်လုပ်မှု စီမံကိန်း၊ Gear & Transmission Plant စီမံကိန်းနှင့် စက်မှုသင်တန်းကျောင်း (မကွေး)စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စီမံကိန်း



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လက်ကောက်ဝတ်ပြတ်လူနာ မောင်မင်းသူအား ထောက်ပံ့ငွေပေးအပ်စဉ်။ (သတင်းစဉ်)



# ပူတစ်လှည့်၊ အေးတစ်ခါ ကျန်းမာရေးအတွက် ဂရုပြုစရာ

(၁၂-၆-၂၀၁၀ ရက်က အဆက်)

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြသော တောင်သူလယ်သမားများအနေဖြင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်လေ့ရှိသော မိုးကြိုကာလမုန်တိုင်းများ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ပြီး အနောက်တောင်အရပ်ဆီက မိုးသက်လေနှင်လာရောက်မည့်အချိန်(တစ်နည်း) စိုက်ပျိုးရေးအတွက် အားကိုးအားထားပြုနေရသည့် မုတ်သုံမိုး ရွာသွန်းမည့်ရက်ကို စောင့်မျှော်လျက်ရှိချိန်တွင် အဆိုပါမုတ်သုံမိုးကို ရွာသွန်းစေမည့် မုန်တိုင်းဖြတ်ကျော်ဝင်ရောက်မှုကြောင့် ဖြစ်ပေါ်စေနိုင်သည့် ပျက်စီးဆုံးရှုံးမှုအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် မိမိတို့နေထိုင်ရာ ဒေသအလိုက် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းလုပ်ငန်းများကိုလည်း ရေဒီယို၊ ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ထုတ်လွှင့်ကြေညာဖော်ပြလျက်ရှိသော မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်နှင့်အညီ ပြည်သူများအနေဖြင့် ဂရုပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ယင်းသို့မုန်တိုင်းအန္တရာယ်ကို ကြိုတင်ကာကွယ်ရင်း ပြည်သူများအနေဖြင့် **တစ်ဦးချင်းစီ၏ တစ်ကိုယ်ရေကျန်းမာရေးအထောက်အကူပြုစေရေး**အတွက် သိရှိလိုက်နာဆောင်ရွက်နိုင်ကြရန် ယခုလတ်တလော ဖြစ်ပေါ်လျက်ရှိသည့် မိုးရွာလိုက်၊ နေပူလိုက် တစ်နည်းအားဖြင့် **ပူတစ်လှည့်၊ အေးတစ်ခါ** ခံစားရသည့် အခြေအနေမျိုးတွင် **ဖြစ်ပွားတတ်သောရောဂါများ**နှင့်စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ လက္ခဏာများနှင့် သက်သာပျောက်ကင်းစေမည့် ပြုစုကုသနည်းများကို ဆက်လက်ရေးသားတင်ပြမည်ဖြစ်ပါသည်။

**(၅) ရေကျောက်ရောဂါ။** ။ဖြစ်ပွားရခြင်း အကြောင်းများမှာ-အပူ အအေးအားပြိုင်သော ဥတုဖြစ်ပေါ်ခြင်း၊ တစ်ဦးမှတစ်ဦး ကူးစက်ခြင်း၊ ပူ-စပ်-ခါး-ချဉ်အရသာရှိသော အစားအစာများကို လွန်ကဲစွာစားသုံးခြင်း၊ ရာသီဥတု ပူလိုက်အေးလိုက်ဖြစ်ခြင်း စသည်တို့ဖြစ်ပါသည်။ ရောဂါလက္ခဏာများမှာ **ရှေ့ပြေးလက္ခဏာများ**အဖြစ် ကိုယ်ပူလာခြင်း၊ အစက်အပြောက်များပေါ်ခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ ချွေးငုပ်ခြင်း စသည်တို့ကိုတွေ့ရှိရမည်ဖြစ်ပြီး **ဖြစ်ဆဲ လက္ခဏာများ**အဖြစ် ကိုယ်အပူကြီးခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ မအီမသာ ဖြစ်ခြင်း၊ မျက်စိပူခြင်း၊ အာခေါင်ပူခြင်း၊ အနီပြောက်လေးများ အစုအဝေး တစ်ခုစီပေါ်လာခြင်း၊ ၎င်းအနီဖုများ အရည်တည်လာခြင်း၊ ပြည်ဝတ်ဆံများတည်လာခြင်း၊ တစ်ခါတစ်ရံ အာခေါင်၊ ပါးစပ်ရှိ ပါးစောင်မြေး၊ မျက်မြေးတို့တွင် ထွက်တတ်ခြင်း စသည်တို့ကို တွေ့ရှိရမည်။ ရေကျောက်ကို ပြုစုကုသခြင်းနှင့် စပ်လျဉ်း၍ **ပထမအဆင့်**တွင် ကျောက်စုံလင်စွာ ထွက်စေရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီ) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် တစ်နေ့သုံးကြိမ် သုံးရက်တိုက်ရန်၊ ကျောက်စုံလင်ပြီး အဖျားကျပါက **ဒုတိယအဆင့်**တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆(ဟလိဒ္ဒစုဏ္ဏင်္ဂန်းဆေး) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် တစ်နေ့သုံးကြိမ်တိုက်ရန်၊ အဖျားလုံးဝပျောက်သွားပါက **တတိယအဆင့်**တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ (အပူငြိမ်းသွေးဆေး) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် သုံးရက်တိုက်ရန်၊ လိမ်းဆေးအနေဖြင့် ပထမအဆင့်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃(အကင်းဆယ်ပါးဆေး)ကို သနပ်ခါးရည်ကျဲကျဲဖြင့် လိမ်းပေးပါရန်၊ ဒုတိယအဆင့်တွင် အနာများကို တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး)ကို အုန်းဆီဖြင့်လိမ်းရန်၊ လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ ကြေကျက်လွယ်ပြီး အားဖြစ်စေသော ငါးရံ့စွပ်ပြုတ်၊ ကြက်စွပ်ပြုတ်၊ ဆန်ပြုတ်တို့ကို သောက်ရန်နှင့် မိုးနံ့ရွက်ဟင်းချို တိုက်ရန်တို့ဖြစ်ပြီး ရှောင်ကြဉ်ရန် အချက်များမှာ-ပူချဉ်စပ် အရသာရှိသော အစားအစာများ(ဥပမာ-ငရုတ်သီး၊ ချင်းတက်၊ ငရုတ်ကောင်း၊ လက်လုပ်ချဉ်)၊ အေးဆိမ့်ဖန် အရသာရှိသော အစားအစာများ (ဥပမာ-ရေခဲမုန့်၊ ရေခဲထုပ်၊ ဖာလူဒါ)စသည်တို့ဖြစ်ပါသည်။ အကယ်၍ ပြင်းထန်စွာဖျားခြင်း၊ ဦးနှောက်အမြှေးအနာဖြစ်ခြင်း၊ ရောင်ခြင်း၊ လေအိတ်များ ရောင်ခြင်း၊ နှလုံးကြွက်သားများ ရောင်ရမ်းခြင်းဖြစ်ပါက အခြားသင့်တော်ရာ ဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

**(၆) ဝက်သက်ရောဂါ။** ။ဖြစ်ပွားရခြင်း အကြောင်းများမှာ နေပူခံခြင်း၊ ဥတုပြောင်း မိုးနှောင်း၊ နွေနှောင်းတို့၌ ဥတုဒဏ်ခံနိုင်မှု မရှိခြင်း၊ အအေးမိခြင်း၊ အပူမိခြင်း၊ အသက် ၁၀နှစ်အောက် ကလေးများဖြစ်ခြင်း၊ အာဟာရချို့တဲ့၍ ကိုယ်ခံအားနည်းခြင်းတို့ ဖြစ်ပါသည်။ ရောဂါလက္ခဏာများမှာ-**ရှေ့ပြေးလက္ခဏာများ**အဖြစ် ပူလောင်ခြင်း၊ မှိန်းနေလိုခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း စသည်တို့ကိုတွေ့ရှိရမည်ဖြစ်ပြီး **ဖြစ်ဆဲလက္ခဏာများ**မှာ ရောဂါပျိုးချိန် ၇ရက်မှ ၁၄ ရက်အထိ ကြာတတ်ခြင်း၊ **ပထမအဆင့်**တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ မျက်မေးရောင်ခြင်း၊ ပါးစောင်တွင် Koplik spot အဖြူအစက်အပြောက် တွေ့ရတတ်ခြင်း၊ အလင်းရောင်ကြောက်တတ်ခြင်း၊ အဖျားနှင့်ချောင်းဆိုး တဖြည်းဖြည်းဆိုးရွားလာပြီး တစ်ကိုယ်လုံး အနီကွက်များပေါ်ထွက်လာခြင်း၊ လည်ပင်း၊ နားရွက်နောက်၊ ဆံပင်၊ ဆံစပ်တို့တွင် စတင်ထွက်တတ်ခြင်း၊ မျက်နှာ၊ လက်၊ ရင်ဘတ်နှင့် တစ်ကိုယ်လုံးသို့ နှစ်ရက်မှ သုံးရက်အတွင်းပျံ့နှံ့သွားခြင်း စသည့်လက္ခဏာများကို လည်းကောင်း၊ **ပြင်းထန်သောဆင်ဝက်သက်**တွင် တစ်ကိုယ်လုံးရှိ အရေပြားသာမက လက်ဖဝါး၊ ခြေဖဝါးများအထိ ထွက်တတ်ခြင်း၊ မျက်နှာရောင်ပြီး ပုံပျက်တတ်ခြင်း၊ သွေးခြည်ဥခြင်း၊ အစက်အပြောက်များပေါ်ခြင်း၊ ပါးစပ်၊ နှာခေါင်းနှင့် အစာအိမ်လမ်းကြောင်းတို့တွင် သွေးများယိုထွက်တတ်ခြင်း၊ အရေပြားအကွက်များ မှိန်သွားချိန်တွင် အရေခွံကွာတတ်ပြီး အရေပြားတွင် အညိုရောင် စွန်းထင်းကျန်တတ်ခြင်း၊ မေးရိုးထောင့်နှင့်လည်ပင်းနောက်မှ အကျိတ်ဂလင်းများ ရောင်တတ်ခြင်း၊ သရက်ရွက် အနည်းငယ်ကြီးလာတတ်ခြင်း၊ အူအတက်ရောင်တတ်ခြင်း၊ နားပြည်ယိုခြင်း၊ အဆုတ်အအေးမိခြင်း၊ အန်ခြင်း၊ ဝမ်းသွားခြင်း၊ ဖြစ်စတွင် အဖျား၁၀၂ Fမှ ၁၀၅ F အထိတက်တတ်ခြင်းစသည်တို့ကို တွေ့ရှိရပေမည်။ ဝက်သက်ကုထုံးမှာ **ပထမအဆင့်**တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီ) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့် တစ်နေ့သုံးကြိမ် သုံးရက်တိုက်ရန်၊ အဖျားကျပါက **ဒုတိယအဆင့်**တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏင်္ဂန်းဆေး) နှစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်ဖြင့် တစ်နေ့သုံးကြိမ် သုံးရက်တိုက်ရန်ဖြစ်ပြီး **လိမ်းဆေး**အဖြစ် **ပထမအဆင့်**တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်းဆယ်ပါးဆေး)ကို သနပ်ခါးရည်ကျဲကျဲဖြင့်လိမ်းပေးရန်၊ **ဒုတိယအဆင့်**တွင် အနာများကို တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် ၄၃ (အကင်းဆယ်ပါးဆေး)ကို အုန်းဆီနှင့်လိမ်းရန်တို့ဖြစ်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ ကြေကျက်လွယ်ပြီး အားဖြစ်စေသော ငါးရံ့စွပ်ပြုတ်၊ ကြက်စွပ်ပြုတ်၊ ဆန်ပြုတ်တို့ကိုကျွေးပြီး လေကောင်းလေသန့်ရသော အခန်းတွင်ထားရန်နှင့် ရှောင်ကြဉ်ရန်အချက်များမှာ ပူချဉ်စပ်အရသာများ (ဥပမာ-ငရုတ်သီး၊ ငရုတ်ကောင်း၊ လက်လုပ်ချဉ်)၊ အေးဆိမ့်ဖန်အရသာများ(ဥပမာ-ရေခဲမုန့်၊ ရေခဲထုပ်၊ ဖာလူဒါ)တို့ ဖြစ်ပါသည်။ ဝက်သက်ရောဂါတွင် အဖျားမကျဘဲ အဖုများ ကြီးထွားလာပါက ကုသရန်ခက်ခဲသော အခြေအနေသို့ ရောက်ရှိသွားသည်ကို သတိပြုရန်နှင့် အဆုတ်ကျပ်ခဲခြင်း၊ မျက်ကြည်လွှာအနာဖြစ်ခြင်း၊ ဦးနှောက် အမြှေးရောင်ခြင်းများ ဖြစ်လာပါက အခြားသင့်တော်ရာဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

**(၇) အဆုတ်အအေးမိရောဂါ။** ။ရောဂါဖြစ်ပွားရခြင်း အကြောင်းများမှာ အေးသောဥတုတွင် နွေးထွေးစွာနေထိုင်မှုမရှိခြင်း၊ အအေးမိခံခြင်း၊ အေးသော အစားအစာများလွန်ကဲစွာစားသုံးခြင်း၊ ပြင်ပပတ်ဝန်းကျင်အခြေအနေတွင် အအေးလွန်ကဲခြင်း၊ ရေအေးနှင့် လေအေးတို့ကြောင့် အအေးမိရာမှ အဆုတ်အအေးမိခြင်း စသည်တို့ဖြစ်ပါသည်။ ရောဂါလက္ခဏာများမှာ **ရှေ့ပြေးလက္ခဏာများ**အဖြစ် နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ချွဲကျပ်ခြင်း စသည်တို့ကို လည်းကောင်း၊ **ဖြစ်ဆဲလက္ခဏာများ**အဖြစ် အအေးမိခြင်း၊ နှာစေးခြင်း၊ နှာပိတ်ခြင်း၊ ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ အဆုတ်လေပြွန်များ ရောင်ရမ်းခြင်း၊ ချောင်းဆိုး၍ သလိပ်များခြင်း၊ အသက်ရှူကျပ်ခြင်း၊ ချွဲသလိပ်များပိတ်ဆို့ခြင်း၊ အသက်ရှူသံ ပြင်ပမှကြားနေရခြင်း၊ ရောဂါပြင်းထန်ပါက

> **တင်ထွဋ်** (အစိုးရတိုင်းရင်းဆေး)

အန်ခြင်း၊ အသက်ရှူခက်ခဲခြင်း၊ အသက်ရှူမြန်ခြင်း၊ အသက်ရှူလျှင်ရင်ညွှန့်ချိုင့်ခြင်း၊ နို့မစို့ခြင်းစသည်တို့ကို တွေ့ရှိရမည်။ အဆုတ်အအေးမိရောဂါကုထုံးနှင့်စပ်လျဉ်း၍ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂ (ဆေးပုလဲကလာပ်)နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂ (လေမျိုးရှစ်ဆယ်ဆေး) တစ်ပဲသားစီနှင့် ကွမ်းရွက်ပြုတ်ရည်တို့ကိုလည်းကောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁ (မက်လင်ချဉ်ဆေး) နှစ်ပဲသားကို ကွမ်းရွက်၊ ပင်စိမ်းရွက်၊ ဇီရာသတ္တုရည်တို့ဖြစ်စေ၊ ပျားရည်နှင့်ဖြစ်စေ တိုက်ရန်ဖြစ်ပြီး တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၇(ခုနစ်ပါးဆေးဝါလေး)ကို မုန်ညင်းဆီဖြင့် ကျောကုန်းနှင့် ရင်ဘတ်တို့တွင်လိမ်းရန် ဖြစ်ပါသည်။ အထောက်အကူပြု ကုထုံးမှာ ကလေးအားနွေးထွေးအောင်ပြုလုပ်ပြီး ရေနွေးဖတ်တိုက်ပေးရန် ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ရန်အချက်များမှာ နွေးထွေးစွာထားရန်နှင့် ရေနွေးတွင် ပရုတ်ဆီထည့်၍ အခန်းတွင် အငွေ့လွှတ်ထားရန်တို့ဖြစ်ပြီး ရှောင်ကြဉ်ရန်အချက်များမှာ စိုစွတ်သောနေရာတွင်နေခြင်း၊ အဝတ်စိုဝတ်ခြင်း၊ လေစိမ်းတိုက်ခံခြင်း၊ အေး၍ ပတ်ဖွဲ့စေသော ရေခဲမုန့်၊ ဖာလူဒါ စသည်တို့ကို စားခြင်းတို့ဖြစ်ပါသည်။ အချိန်နှင့်အမျှ ချွဲကျပ်နေပါက အသက်ရှူလမ်းကြောင်း ထိခိုက်နိုင်ကြောင်း သတိပြုရန်နှင့် အသက်ရှူခက်ခဲခြင်း၊ အသက်ရှူမြန်ခြင်းနှင့် ရင်ညွှန့်ချိုင့်ခြင်းတို့ဖြစ်ပါက အခြားသင့်တော်ရာ ဆေးရုံသို့ ညွှန်းပို့ကုသစေရပါမည်။

**(၈) ဝမ်းလျှောဝမ်းပျက်ရောဂါ။** ။ဖြစ်ပွားရသည့် အကြောင်းများမှာ ပါစက ဝမ်းမီးညံ့ခြင်း၊ ယင်လုံအိမ်သာမသုံးစွဲခြင်း၊ အိမ်သာသုံးစွဲပြီး လက်ကိုစင်ကြယ်အောင်မဆေးခြင်း၊ အစားအသောက်စားလျှင် လက်ကိုစင်ကြယ်အောင် မဆေးခြင်း၊ စိုးရိမ်သောကကြီးခြင်း၊ စိတ်ဖိစီးခြင်း၊ ကြောက်လန့်ခြင်း၊ နွေရာသီပူပြင်းသော ကာလဖြစ်ခြင်း၊ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် ရုတ်တရက်မိုးရွာပြီး အပူနှင့်အအေး အားပြိုင်သော ဥတုဖြစ်ပေါ်ခြင်း၊ နွေနှင့်မိုး အပြောင်းအလဲ ပူတစ်လှည့်၊ အေးတစ်ခါဖြစ်ခြင်း၊ အမှည့်လွန်အသီးများဖြစ်သော သရက်သီး၊ ပိန္နဲသီး၊ ကနစိုးသီးစသည်များ၊ မုန့်ဟင်းခါး၊ မုန့်တီ၊ လက်လုပ်ချဉ်၊ ထန်းရည်ချဉ်၊ ယင်နားစာ၊ ထမင်းကျန်၊ ဟင်းကျန်များ၊ မလတ်ဆတ်သောအသား၊ ငါးနှင့် အစားအစာများ၊ ဝမ်းနုံးစေသော အစားအစာများ၊ အစာကြေခဲသည့် အစားအစာများကို စားသောက်မိခြင်း၊ မသန့်ရှင်းသော ရေများသောက်သုံးမိခြင်း၊ ပူပြင်းသောအချိန်တွင် ဝမ်းနုတ်ခြင်း စသည်တို့ဖြစ်သည်။ ၎င်းရောဂါ၏ လက္ခဏာများမှာ **အပူဝမ်းလျှော ဝမ်းပျက်လက္ခဏာများ**အနေဖြင့် ခန္ဓာကိုယ်ပူနွေးနေခြင်း၊ ရေဆာခြင်း၊ ဝမ်းအရောင်ညစ်ထေးပြီး ကျဲကျဲသွားခြင်း၊ ဝမ်းတွင်းပူလောင်ခြင်း၊ ဝမ်းသွားပြီး စအိုဝပူလောင်ကျန်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ ဦးခေါင်းကိုက်ခြင်း၊ ဆီးနီ၊ ဆီးနည်းခြင်း၊ လက်ဖျားခြေဖျားနွေးခြင်း၊ ရောဂါပြင်းထန်ပါက ရေငတ်ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ကိုလည်းကောင်း၊ **အအေးဝမ်းလျှောဝမ်းပျက်လက္ခဏာများ**အနေဖြင့် ခန္ဓာကိုယ်အေးခြင်း၊ ရေမဆာခြင်း၊ ဝမ်းအရောင်ဖြူပြီး ကျဲကျဲသွားခြင်း၊ ဝမ်းတွင်းအေးနေခြင်း၊ ဦးခေါင်းအုံခြင်း၊ ဆီးဖြူခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ လက်ဖျားခြေဖျားအေးခြင်း စသည်တို့ကိုလည်းကောင်း အသီးသီး တွေ့ရှိရမည်ဖြစ်သည်။

ဝမ်းလျှောဝမ်းပျက်ရောဂါခံစားနေရသော ဝေဒနာရှင်သည် ဝမ်းနှင့်ဆီးတစ်ပြိုင်တည်းသွားပါကအပူဝမ်းဖြစ်လျှင် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၁၆(အပူငြိမ်းသွေးဆေး)၊ အအေးဝမ်းဖြစ်လျှင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၅ (ဇာတိလဝင်္ဂဆေး) သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေး အမှတ်-၁၇ (သွေးဆေးနီ) လက်ဖက်ရည်ဇွန်းတစ်ဇွန်းပမာဏကို ရေကျက်အေးနှင့် နှစ်နာရီခြားတစ်ကြိမ်တိုက်၍လည်းကောင်း၊ ဆေးသုံးခွက်တိုက်ပြီးနောက် ဝမ်းသွားခြင်းရပ်တန့်သွားသည့်အခါ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၃(အစာကြေလေပုပ်ထုတ်ဆေး)လက်ဖက်ရည်ဇွန်းတစ်ဇွန်းပမာဏကို ရေနွေးနှင့် တိုက်ပေးရန်တို့ဖြစ်သည်။ **လိမ်းဆေး**အနေဖြင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃(အကင်းဆယ်ပါးဆေး) သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၇(ခုနစ်ပါးဆေးဝါ)ကို ဝမ်းဗိုက်တစ်ပြင်လုံး နှမ်းဆီနှင့်ဖျော်လိမ်းပေးရန်ဖြစ်သည်။ အကယ်၍ ဝမ်းသက်သာသွားပြီး ဆီးမသွားသောဝေဒနာရှင်ဖြစ်ပါက တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆(အပူငြိမ်းသွေးဆေး)နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၁(ဆီးဆေးဖြူ)တို့ကို ဆတူရောစပ်ကာ လက်ဖက်ရည်ဇွန်း တစ်ဇွန်းပမာဏကို တစ်နာရီတစ်ကြိမ်တိုက်ပေးပြီး ဖော်ပြပါ လိမ်းဆေးကို ဝမ်းဗိုက်တစ်ပြင်လုံး နှမ်းဆီနှင့် ဖျော်လိမ်းပေးရန် ဖြစ်သည်။ ၎င်းဆေး သုံးကြိမ်တိုက်ပြီး ဝမ်းရပ်တန့်သွား၍ ရောဂါသက်သာလာသည့်အခါ ဖော်ပြပါကုထုံးအတိုင်း နံနက်တစ်ကြိမ်၊ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် ဆက်လက် တိုက်ကျွေးရန်ဖြစ်သည်။

ကလေးများဖြစ်ပါက အသက်အရွယ်ကိုကြည့်ပြီး ယင်းကုထုံးများအတိုင်း ဆေးပမာဏကို ချင့်ချိန်တိုက်ရန်ဖြစ်သည်။ ဝမ်းရပ်တန့်ပြီး ပုံမှန်ဖြစ်လာသောအခါ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၃၃(အစာကြေလေပုပ်ထုတ်ဆေး) လက်ဖက်ရည်ဇွန်း တစ်ဇွန်းပမာဏကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေကျက်အေးနှင့်တိုက်ရန်၊ ဝမ်းလျှောဝမ်းပျက်စဉ် ဆုံးရှုံးသွားသော ပထဝီဓာတ်နှင့် အာပေါဓာတ်တို့အတွက် ဓာတ်ဆားရည်ဖြစ်စေ၊ အုန်းစိမ်းနုရည်ဖြစ်စေ တိုက်ပေးရန်ဖြစ်သည်။ ဝေဒနာရှင်သည် အော့အန်လျက် ဝမ်းဗိုက်လွန်မင်းစွာနာကျင်၍ ဆန်ဆေးရည်၊ ထမင်းရည်ကဲ့သို့ အရည်ဝမ်းများ မရပ်မနားသွားနေလျှင်ဖြစ်စေ၊ ဆေးတိုက်သော်လည်း ဝမ်းမရပ်ခြင်း၊ အန်ခြင်း၊ ကြွက်တက်ခြင်း၊ အပူရှိန်ကြီးခြင်း၊ ဖျားခြင်း၊ အရေပြားများ ပျော့အိပြီး တွဲကျလာခြင်း၊ သတိလစ်ခြင်းတို့ဖြစ်လာလျှင်ဖြစ်စေ နီးစပ်ရာဆေးရုံသို့ ညွှန်းပို့ကုသမှု ခံယူစေရမည်ဖြစ်သည်။ ၎င်းဝမ်းလျှောဝမ်းပျက်ရောဂါကို ကြိုတင်ကာကွယ်ရန်နှင့် ကုသရန်နည်းလမ်းများမှာ ဥသျှစ်သီး၊ သလဲသီး၊ မင်းကွတ်သီး တစ်မျိုးမျိုး၏ အခွံကိုရေကျက်အေးနှင့်သွေး၍ ရရှိလာသောအရည် လက်ဖက်ရည် ဇွန်းတစ်ဝက်ပမာဏကို နံနက်၊ ညတစ်ကြိမ်စီ ရေကျက်အေးနှင့်တိုက်ရန်၊ လက်ထုတ်ကြီးအခေါက်ကိုမီးကင်၍ အမှုန့်ပြုကာ တစ်ခါသောက်လက်ဖက်ရည်ဇွန်းတစ်ဇွန်း နံနက်၊ ညတစ်ကြိမ်စီ ရေကျက်အေးနှင့် တိုက်ရန်တို့ဖြစ်ပြီး အလားတူထိမ်ပွင့်၊ ဇာတိပ္ဖိုလ်သီးဆန်၊ ဖန်ခါးသီး၊ ဆေးပုစွန်တုပ်၊ ဆူးဖြူပန်းလဲ၊ ရှားစေး၊ ပန္နကာနီ၊ တမာ၊ တောက်ရပ်၊ လင်းလေ၊ လက်ပံ စသည်တို့ကို ဆေးဝါးအဖြစ် အသုံးပြုနိုင်သည်။

ယင်းရောဂါကုသနည်းများတွင် ထည့်သွင်းအသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးများနှင့် စပ်လျဉ်း၍ အထူးသဖြင့် သွေးတိုးနှင့် ကျောက်ကပ်ရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်နှင့် ဓမ္မတာမှန်သော အမျိုးသမီးများ၊ အသက်အရွယ်ကြီးရင့်သူနှင့် ငယ်ရွယ်သူ လသားကလေးများကို ပြုစုရန်အတွက် ကျွမ်းကျင်သူတိုင်းရင်းဆေးပညာရှင်များနှင့် ဆွေးနွေးတိုင်ပင် ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အာကာဟိန်း - စုစည်းတင်ပြသည်

### ဂရင်းဖမ်းခဲ့သော ဘောလုံး၌ ပြဿနာမရှိနိုင်

*အင်္ဂလန်နှင့် အမေရိကန်တို့၏ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်ဂိုးသမား ဂရင်း ဘောလုံးမဖမ်းမိခြင်းမှာ ဘောလုံး၏ အားနည်းချက်ကြောင့်ဟူသော စွပ်စွဲချက်၊ ပြစ်တင်ဝေဖန်ချက်များမှာ အခြေအမြစ်မရှိကြောင်း ဘောလုံးထုတ်လုပ်သည့် အက်ဒီဒတ်စ်ကုမ္ပဏီက ဇွန် ၁၅ရက်၌ ငြင်းဆိုလိုက်သည်။*

### တင်ဟောင်းဝပ်နှင့် အင်ယီရာမာတို့ဆုရရှိ

*၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အမေရိကန်ဂိုးသမား တင်ဟောင်းဝပ်နှင့် နိုင်ဂျီးရီးယားဂိုးသမား အင်ယီရာမာတို့သည် ပွဲစဉ်အလိုက် အကောင်းဆုံးဂိုးသမားများအဖြစ် ရွေးချယ်ခံရသလို တောင်အာဖရိက ကမ္ဘာ့ဖလားကျင်းပရေးကော်မတီကလည်း ကစားပြီးသမျှပွဲများ၌ အကောင်းဆုံးဂိုးသမားအဖြစ် ဆုချီးမြှင့်ရန် သတ်မှတ်ခဲ့သည်။*

### ရွန်နီနှင့် အက်ရှ်လေကိုးတို့ လေ့ကျင့်မှု မလုပ်နိုင်

*ဒူးဒဏ်ရာရရှိထားသော ရွန်နီနှင့် ခြေချင်းဝတ်ဒဏ်ရာရရှိထားသော အင်္ဂလန်နောက်ခံလူ အက်ရှ်လေကိုးတို့ ဒဏ်ရာများ ထပ်မံနာကျင်နေသဖြင့် ဇွန် ၁၅ ရက်၌ လေ့ကျင့်မှု မပြုလုပ်နိုင်ကြောင်း အင်္ဂလန်အသင်းက သတင်းထုတ်ပြန်သည်။*

### ဂျာမနီမှ မူလာအကောင်းဆုံး လူငယ်ကစားသမားဆုမှန်းနေ

*ဂျာမနီအသင်းမှ အသက် ၂၀ အရွယ် ကွင်းလယ်တိုက်စစ်မှူး မူလာသည် ဩစတြေးလျကို လေးဂိုးပြတ်နိုင်သည့်ပွဲ၌ တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းလည်းပြနိုင်ခဲ့ရာ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အကောင်းဆုံး လူငယ်ဘောလုံးသမားဆုဆွတ်ခူးရန် အလားအလာရှိနေကြောင်း ကစားဖော် ကလိုဆေးက ဇွန် ၁၅ ရက်၌ ခန့်မှန်းပြောကြားသည်။*

### အာရှခြေစွမ်း ကမ္ဘာ့အဆင့်ရှိကြောင်း ကာပယ်လိုပြောကြား

*ဂျပန်အသင်းသည် ကင်မရွန်းအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့မှုနှင့် တောင်ကိုရီးယားက ဂရိကို နှစ်ဂိုးပြတ်အနိုင်ရရှိမှုများသည် အာရှအသင်းများ ကမ္ဘာ့အဆင့်မီလာကြောင်း၊ ပြည်တွင်းနည်းပြများ၏ အရည်အချင်းလည်း မြင့်တက်လာကြောင်း အင်္ဂလန်နည်းပြ ကာပယ်လိုက ဇွန် ၁၅ရက်၌ သုံးသပ်ပြောကြားသည်။*

### အီတလီဂိုးသမား ဘတ်ဖွန်ပြန်ကစားနိုင်မည်

*ပါရာဂွေးနှင့်ယှဉ်ပြိုင်ကစားခဲ့သည့် အဖွင့်ပွဲစဉ်၌ အီတလီဂိုးသမား ဘတ်ဖွန်နောက်ကျောဒဏ်ရာရရှိခဲ့မှုကြောင့် ပွဲချိန် ၄၆မိနစ်၌ လူစားလဲခဲ့ရသော်လည်း လာမည့် နယူးဇီလန်နှင့်ပွဲ၌ ပြန်ကစားနိုင်မည်ဖြစ်ကြောင်း အီတလီအသင်းတာဝန်ရှိသူများက ဇွန် ၁၅ရက်၌ ပြောကြားသည်။* ။

(အင်တာနက်)

# ရေပန်းစားနေသည့်စပိန်တို့ ပွဲဦးမျက်နှာပန်းလှနိုင်ပါ့မလား....

# ချီလီတို့ ခြေကုန်ထုတ်ရမည့် ဟွန်ဒူးရပ်စ်နှင့်ပွဲ

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၁၅

**ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ ဇွန် ၁၆ ရက်(ယနေ့)၌ ဟွန်ဒူးရပ်စ်နှင့် ချီလီ၊ စပိန်နှင့် ဆွစ်ဇာလန်၊ တောင်အာဖရိကနှင့် ဥရုဂွေးတို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အုပ်စု(ဇ)အသင်းများဖြစ်သော ဟွန်ဒူးရပ်စ်နှင့် ချီလီ၊ စပိန်နှင့်ဆွစ်ဇာလန်တို့မှာ အဖွင့်ပွဲများအဖြစ် စတင်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း အုပ်စု(က)မှ တောင်အာဖရိကနှင့် ဥရုဂွေးတို့မှာ အုပ်စုဒုတိယပွဲစဉ်များအဖြစ် ကစားရမည်ဖြစ်သည်။**

ယနေ့ပွဲစဉ်များတွင်လည်း ယခင်ပွဲများကဲ့သို့ မမျှော်လင့်သည့်ရလဒ်များ ထွက်ပေါ်လာနိုင်သည်ဖြစ်ရာ ရင်ခုန်စရာကောင်းသည့်ပွဲများအဖြစ် မြင်တွေ့ကြရမည်ဖြစ်သည်။ ထို့ကြောင့် ယနေ့ယှဉ်ပြိုင်ကစားကြမည့် ပွဲစဉ်များအနေအထားသုံးသပ်ရပါလျှင်-

## ဟွန်ဒူးရပ်စ်နှင့် ချီလီ

အုပ်စု(ဇ)၌ ချီလီတို့ ကစားအားကောင်းသည်။ အသင်းလိုက်ဖွဲ့စည်းထားမှု ဟန်ချက်ညီသည်။ အထိအတို့လေးများဖြင့် ကစားတတ်သည်ဖြစ်ရာ ဟွန်ဒူးရပ်စ်နောက်တန်းကို ဖြတ်ကျော်နိုင်သည့် အနေအထားရှိသည်။ ဥရောပထိပ်တန်းကလပ်များ၌ ခြေစွမ်းပြနေသော ကစားသမားအများစုကို စုဖွဲ့ထားသဖြင့် ရှေ့၊ လယ်၊



**တိုက်စစ်မှူး ဆန်ချက်ဇ် ဟွန်ဒူးရပ်စ် နောက်တန်းကို ဘယ်လိုကျော်ဖြတ်နိုင်မလဲ။**

နောက် ညီမျှနေသည်။ ချီလီတိုက်စစ်တွင် အူဒီးနိစ်ကလပ်၌ ကစားနေသော ဆန်ချက်ဇ်၊ စီအက်စ်ကေအေ၌ ဂိုးသွင်းနေသည့် မက်ဂွန်ဇာလက်ဇ်၊ ရီရဲဇာရာဂိုဇာ၌ ခြေစွမ်းပြနေသည့် ဆွာဇိုတို့ရှိနေသည်။ ကွင်းလယ်တွင်လည်း စပို့တင်းကလပ်တွင် အဓိကကစားသမားနေရာရထားသည့် မန်ဒက်ဇ်၊ ဖလာမင်ဂို၌ကစားနေသော ဖီအီဂျီတို့ရှိနေရာ ဟွန်ဒူးရပ်စ်ကို အသာစီးမှ ကစားနိုင်သည်။ သို့သော် ချီလီကွင်းလယ်သမားများက တိုက်စစ်ကို အလွန်အကျွံလိုက်ပါတတ်ကြသဖြင့် တန်ပြန်တိုက်စစ်အားကိုးမည့် ဟွန်ဒူးရပ်စ်တို့ အခွင့်အရေးရသွားနိုင်သည်။

ဟွန်ဒူးရပ်စ်ရှေ့တန်းတွင် မာတီနက်ဇ်နှင့်ပါဗွန်တို့က အင်အားသုံးပြီး ထိုးဖောက်ကစားတတ်သူဖြစ်သည်။ သို့သော် မာတီနက်ဇ်က ဂိုးသွင်းမသေချာ။ ပြည်တွင်းကလပ်မာရသွန်၌ မာတီနက်ဇ်ခြေပေါ်လျှင် ဂိုးများ တဒိုင်းဒိုင်းသွင်းတတ်သော်လည်း အချို့ပွဲများ၌ ဂိုးပေါက်ပျောက်နေတတ်သည်။ သို့ရာတွင် ကွင်းလယ်အားကကောင်းသည့် နူနက်ဇ်၊ ဝီဆင်လ်၊ သောမတ်၊ ဒီလီနွန်တို့က ကစားကွက်ကို ထိန်းနိုင်ကြသည်။ ကွင်းလယ် အဖျက်အားသန်သူများဖြစ်ရာ ချီလီတိုက်စစ်ကို ကွင်းလယ်မှ ဟန့်တားနိုင်သည်။ ချီလီတို့ ကစားအားသာလွန်သော်လည်း အဖြတ်အတောက်ကောင်းသည့် ဟွန်ဒူးရပ်စ်တို့ကို လျှော့တွက်၍မရ။ သို့သော် ယခုပွဲ၌ ချီလီတို့ အမှတ်ပြည့်ရသွားနိုင်သည်ဟု တွက်ဆမိသည်။

## စပိန်နှင့် ဆွစ်ဇာလန်

ဗိုလ်စွဲမည်ဟု ရေပန်းစားနေသော စပိန်တို့ ပွဲဦးထွက်၌ မည်သည့်နည်းဗျူဟာဖြင့်ထွက်လာမလဲ စောင့်ကြည့်ရပေမည်။ ကစားကွက်အမျိုးမျိုးပြောင်းလဲတတ်သည့် ဆွစ်ဇာလန်ကို စပိန်တို့ လူစုံထုတ်မည်မှာ သေချာသည်။ တိုက်စစ်တွင် တောရက်စ်ကစားနိုင်ပါက ဒေးဗစ်ဗီလာနှင့် တွဲပြီး



**စပိန်အတွက် တောရက်စ် ဂိုးသွင်းယူပေးနိုင်ပါ့မလား။**

ထွက်လျှင် ဆွစ်ဇာလန်ခံစစ်ကြောင်းကို အချိန်ပြည့် ထိုးဖောက်ဖြတ်ကျော်နိုင်မည်ဖြစ်သည်။ ကွင်းလယ်ကစားအား၌လည်း ဖာဘရီဂတ်စ်၊ ဆာဂျီလို၊ အလွန်ဆို၊ ဒေးဗစ်ဆေးလ်ဗားတို့က နေရာစုံကစားနိုင်ကြသူများဖြစ်ရာတိုက်စစ်ကိုလည်း လိုက်ပါဝိုင်းရံနိုင်သည့်အပြင် ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်ကြသည်။ ရှေ့၊ လယ်၊ နောက် ကစားအားကောင်းသည့် စပိန်တို့ ခြေစစ်ပွဲ၊ ခြေစမ်းပွဲများ၌ ရှုံးပွဲမရှိ စံချိန်အတိုင်း ယခုပွဲ၌လည်း ဆွစ်ဇာလန်ကို မလျှော့တမ်းကစားမည်သာဖြစ်သည်။

ဆွစ်ဇာလန်တို့က တိုက်စစ်တွင် ဒီယာယော့ခ်၊ ယာကင်၊ ဖာရီတို့ရှိနေသော်လည်း စပိန်တိုက်စစ်ကို မယှဉ်နိုင်။ ကွင်းလယ်၌ ဝက်စ်ဟမ်းတွင် ကစားနေသော ဘက်ချ်ရာမီ၊ အူဒီးနိစ်၌ ကစားနေသော အင်လာတို့သာ အဓိကအားထားရမည်ဖြစ်ရာ စပိန်တိုက်စစ်ကို ကွင်းလယ်မှဖြတ်တောက်ရန် ခက်ခဲမည်။ စပိန်တို့က အသင်းလိုက်ကစားအား ကောင်းနေသည်ဖြစ်ရာ ဆွစ်ဇာလန်တို့ သရေရလဒ်သည်ပင် ပျော့ရှင်စွာလက်ခံရမည့် အနေအထားဖြစ်သည်။ သို့သော် ဖလားမှန်းနေသည့်စပိန်တို့ မည်သည့်ရလဒ်ထွက်ပေါ်အောင် အနိုင်ကစားသွားမည်ကို စောင့်ကြည့်ရမည်သာဖြစ်သည်။

## တောင်အာဖရိကနှင့် ဥရုဂွေး

အိမ်ရှင်တောင်အာဖရိကတို့ အဖွင့်ပွဲ၌ မက္ကဆီကိုအသင်းကို သရေကစားထားပြီး တစ်မှတ်ရထားသည်။ခြေစွမ်းက တည်ငြိမ်သည်။ နည်းပြပရဲယားက မက္ကဆီကိုနှင့် ကစားခဲ့သည့် လူစာရင်းအတိုင်း အနည်းငယ်ပြောင်းလဲပြီး ပွဲထွက်စေမှာသေချာသည်။ အဖွင့်ဂိုးသွင်းယူခဲ့သည့် ရှာဘာလာလာ ဥရုဂွေးနှင့်ပွဲ၌ ဂိုးသွင်းနိုင်မှု ရှိမရှိ ကြည့်ရမည်။ တောင်အမေရိကကစားဟန်အတိုင်း အထိုင်ချလေ့ကျင့်ထားပြီး အာဖရိက၏ အင်အားသုံးပုံစံကို သွတ်သွင်းပေးထားသည့် နည်းပြပရဲယား၏ တောင်အာဖရိကအသင်းမှာ တောင်အမေရိကမှ ခြေစွာသော ဥရုဂွေးနှင့် ထိပ်တိုက်တွေ့ပြီဖြစ်သည်။ မက္ကဆီကိုအသင်းကို ဦးဆောင်



**တောင်အာဖရိကနောက်တန်းကို ဖော်လန် ထိုးဖောက်ကစားနိုင်ပါ့မလား။**

ဂိုးသွင်းနိုင်ခဲ့သည့် ပရဲယား၏ တောင်အာဖရိကအသင်းကို ဥရုဂွေးတို့ လျှော့တွက်မည်မဟုတ်ချေ။ အင်အားသုံးထိုးဖောက်မှုအပိုင်း၌ တောင်အာဖရိကတို့က ထိရောက်မှုရှိအောင် ကစားနိုင်သည်။

ဥရုဂွေးအသင်းက ပထမပွဲစဉ်၌ ပြင်သစ်ကို ဂိုးမရှိ သရေပွဲကစားထားသည်။ ဥရုဂွေးကား ခံစစ်လုံအောင်ကစားနိုင်သည်။ ဂိုဒင်၊လူဂါနို၊ ဗစ်တိုနီရီတို့က ခံစစ်ကြောင်းကို သိပ်သည်းစွာ ထိန်းနိုင်သည်။ အမှားအယွင်း နည်းကြသည်။ ပြင်သစ်နှင့်ပွဲ၌ ဥရုဂွေးခံစစ်ကြောင်းခိုင်မာမှုကို ပြသခဲ့သည်။

ဥရုဂွေးတို့ တိုက်စစ်ကား ဖော်လန်အပေါ် မှီခိုလွန်းနေသည်။ ဆွာရက်နှင့် ဂွန်ဇာလက်ဇ်တို့ကလည်း ထင်သလောက်မဟုတ်။ ပြင်သစ်ကို ခံစစ်အားကြောင့်သာ သရေပွဲဖြစ်ခဲ့ပြီး တစ်မှတ်ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ဥရုဂွေးကစားကွက်က ကောင်းသည်။ တိုက်စစ်ထက်မြက်လျှင် ဥရုဂွေးတို့ တောင်အာဖရိကကို အသာစီးရမည်မှာ သေချာသည်။ ဥရုဂွေးတိုက်စစ်တွင် ဘင်ဖီးလ်၌ကစားနေသည့် ဖာနန်ဒက်ဇ်၊ ပါလာမို၌ ကစားနေသည့် ကာဗာနီတို့ကို ဖော်လန်နှင့်တွဲသုံးလျှင် တောင်အာဖရိကကို နိုင်ပွဲရလဒ်ဖန်တီးနိုင်မည်ဟု ယူဆမိပေသည်။ ။

**ကိုးကား-အင်တာနက်**

# ချန်ပီယံအီတလီတို့ ကံကောင်းထောက်မ၍ သရေကျ ပါရာဂွေးတို့ အဖွင့်ပွဲ၌ အဖိုးတန်တစ်မှတ်ရခဲ့

မောင်ချစ်ကြည် - ရေးသားသည်

**ကိတ်ဖ်တောင်း ဇွန် ၁၅**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(စ)မှ အသင်းများဖြစ်သော အီတလီနှင့် ပါရာဂွေးတို့ တောင်အာဖရိကနိုင်ငံ ကိတ်ဖ်တောင်းမြို့ရှိ ဂရင်းပွိုင့် ဘောလုံးကွင်း၌ ဇွန် ၁၅ရက်က ယှဉ်ပြိုင်ကစားရာ လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံ အီတလီတို့ တောင်အမေရိကမှ ခြေစွာသော ပါရာဂွေးကို တစ်ဂိုးစီသရေဖြင့်သာ ကစားနိုင်ခဲ့သည်။

## ကြိုးစား

အသက်(၃၄)နှစ်ရှိပြီဖြစ်သည့် အသင်းခေါင်းဆောင်နှင့် ခံစစ်မှူးလည်းဖြစ်သော ကင်နာဗာရိုဦးဆောင်သည့် အီတလီတို့ သရေပွဲရလဒ်ဖြစ်အောင် မနည်းကြိုးစားခဲ့ရသည်။ ဂီလာဒီနို၊ အီရာကွင်တာ၊ မွန်တိုလီဗို၊ ဇမ်ဘရော့ဘာ၊ ပီပီစသည့် ကစားသမားများဖြင့် အဖွင့်ပွဲစဉ်၌ အနိုင်ရရန် အီတလီနည်းပြ မာဆယ်လိုလစ်ပီ ကြိုးစားခဲ့သော်လည်း ထင်တိုင်းမပေါက်ခဲ့ပါချေ။

## အားနည်း

နောက်ကျောဒဏ်ရာရရှိနေသော ဂိုးသမား ဘတ်ဖွန်ကို ပွဲထွက်ကစားသမားနေရာ၌ နည်းပြမာဆယ်လိုလစ်ပီ စိုးရိမ်ကြီးစွာ ထည့်သွင်းကစားသဖြင့် ခန့်မှန်းရခက်သော ဂိုးသွင်းလမ်းကြောင်းကို လျင်မြန်စွာ အချိန်ကိုက်လှုပ်ရှားကာကွယ်မှုအပိုင်း၌ အားနည်းမှုများ ဖြစ်ပေါ်ခဲ့သည်။

## ဂိုးသွင်းယူ

ထို့ကြောင့် အီတလီတို့ အဖွင့်ဂိုးရရှိရေးထိုးဖောက်ကြိုးစားနေမှုကို ပါရာဂွေးတို့ ဟန့်တားရင်း ပွဲချိန် ၃၉မိနစ်၌ ပါရာဂွေးနောက်ခံလူ အယ်လ်ကာရက်ဇ်က ဂိုးသွင်းယူလိုက်သဖြင့် အီတလီတို့ အငိုက်မိပြီး ဂိုးပေးလိုက်ရသည်။ ပါရာဂွေးတိုက်စစ်တွင် ဗာဒက်ဇ်၊ ဘာရီရော့စ်တို့က အီတလီနောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့သည်။



**အီတလီနှင့် ပါရာဂွေးတို့ပွဲတွင် အီတလီမှ အယ်ကာရက်ဇ်(ဝဲ-ဒု) ဤသို့ ဂိုးသွင်းယူခဲ့သည်။**

## အစားထိုး

အီတလီတို့ ချေပဂိုးရရှိရေးကြိုးစားသော်လည်း ပါရာဂွေးနောက်ခံလူများ ဟန့်တားမှုနှင့် တိုက်စစ်မှူးများ ကန်သွင်းချက် မသေချာမှုတို့ကြောင့် ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုးမသွင်းနိုင်ခဲ့ချေ။ ၄၆ မိနစ်၌ နောက်ကျောဒဏ်ရာကြောင့် အီတလီဂိုးသမားဘတ်ဖွန်နှင့် အရန်ဂိုးသမား မာချက်တီတို့ လူစားလဲခဲ့သည်။

## ကစားအားတင်

အီတလီတို့ ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေးကြိုးစားခဲ့ရာ ၆၃မိနစ်၌ ကွင်းလယ်ကစားသမား ဒီရော့စီက ချေပဂိုးသွင်းယူခဲ့သဖြင့် အီတလီပရိသတ်များ စိုးရိမ်မှုပြေပျောက်ခဲ့သည်။ အီတလီနည်းပြမာဆယ်လိုလစ်ပီက အနိုင်ဂိုးသွင်းယူနိုင်ရေးအတွက် ၇၂မိနစ်၌ ဂီလာဒီနိုအစား နာတာလီနှင့် အစားထိုးကာ တိုက်စစ်အရှိန်မြှင့်တင်ခဲ့သည်။

## ပြောင်းလဲ

ပါရာဂွေးအသင်းကလည်း အီတလီတို့ကို အနိုင်ဂိုးဆက်လက်သွင်းယူနိုင်ရေးအတွက် ၆၈ မိနစ်၌ တိုက်စစ်မှူး ဗာလ်ဒက်ဇ်အစား ဆန်တာခရုဇ်၊ ၇၆ မိနစ်၌ ဘာရီရော့စ်အစား ကာဒိုဇိုတို့ကို အစားထိုးပြောင်းလဲယှဉ်ပြိုင်စေခဲ့သည်။

## ပိုင်ဆိုင်မှုများ

အီတလီတို့က ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ပါရာဂွေးဘက်သို့ ဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့သော်လည်း ပါရာဂွေးတို့က ခံစစ်လုံအောင်ကစားခဲ့သဖြင့် အီတလီတို့ အနိုင်ဂိုးသွင်းယူနိုင်ရေး အခွင့်အရေးကောင်းများ မရရှိခဲ့ချေ။

## သရေပွဲ

နှစ်သင်းစလုံး ပွဲချိန်ပြည့်သည်အထိ ဂိုးဆက်လက်မသွင်းနိုင်ခဲ့သဖြင့် အီတလီတို့ သရေပွဲရလဒ်ကို လက်ခံခဲ့ရပြီး အဖွင့်ပွဲစဉ်၌ တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

**(အင်တာနက်)**

# ကံတင်ဘီးလင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်

**မင်းလှ ဇွန် ၁၅**

ပဲခူးတိုင်း သာယာဝတီခရိုင် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရန်နှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဇွန် ၆ ရက်က ကံတင်ဘီးလင်းဆည်၌ ငါးမျိုးစိုက်ထည့်ပွဲကျင်းပသည်။

အခမ်းအနားသို့ မင်းလှမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီနှင့်အဖွဲ့များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ အုတ်ဖိုငါးသားပေါက်စခန်းတာဝန်ခံ ဦးသန်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် ဆည်မြောင်းဦးစီးမှူး ဦးစံမင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများက ကံတင်ဘီးလင်းဆည်အတွင်းသို့ ငါးခုံးမ(ငါးသားပေါက်)ကောင်ရေ သုံးသိန်းခန့် မျိုးစိုက်ထည့်ပေးခဲ့ကြသည်။ **(အောက်ပုံ) (ငါးလုပ်ငန်းဦးစီး)**





# ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့ အမှုထမ်းကောင်းလက်မှတ်ရရှိသူများအား ဂုဏ်ပြု

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် အမှုထမ်းကောင်းလက်မှတ်ရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၁နာရီခွဲက ကမာရွတ်ရဲစခန်း သဟပုညမ္ဘောရုံ၌ ကျင်းပမည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရွှေမန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရွှေမန်းနှင့် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် တပ်ဖွဲ့ဝင်သားသမီး ကျောင်းသူ ကျောင်းသားများအား ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**

## ပေးအပ်

ဆက်လက်ပြီး လုပ်ငန်းတာဝန်ထူးချွန်စွာဆောင်ရွက်သူ တပ်ဖွဲ့ဝင်များအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရွှေမန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး၏ အမှုထမ်းကောင်းလက်မှတ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့သည် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေအဖြစ် စုစုပေါင်းငွေကျပ် ၃၇၅၀၀၀ ပေးအပ်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် နှစ်ဝက်တွင် အလားတူ ဒုတိယအကြိမ်အဖြစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်ဟု သိရသည်။

**(မြို့နယ်ရဲတပ်ဖွဲ့)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

## ကာတွန်း၊ပန်းချီ၊ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ပြည်မြို့၌ကျင်းပ

ပြည် ဇွန် ၁၃

၂၀၁၀ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့် ကာတွန်း၊ ပန်းချီ၊ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ပြည်ခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူး၍ ဇွန် ၅ရက်နှင့် ၆ရက်က နံနက် ၉နာရီမှစ၍ ပြည်မြို့ အမှတ်(၁) အစိုးရအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ ကာတွန်းပြိုင်ပွဲဝင် ၂၀၊ ပန်းချီပြိုင်ပွဲဝင် ၃၄ ဦး၊ ပိုစတာပြိုင်ပွဲဝင် ၂၀နှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲဝင် ခြောက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ အခမ်းအနားသို့ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီးလှကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ ကြည့်ရှုအားပေးကြသည်။ (ခရိုင် မြန်/ဆက်)



# လုပ်ငန်းခွင်အကြို သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်

ရန်ကုန် ဇွန် ၁၅

**သုခစုစံပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီနှင့် သင်တန်းကျောင်းက ဖွင့်လှစ်သော ITE လုပ်ငန်းခွင်အကြို သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇွန်၁၃ရက် မွန်းလွဲ၂နာရီက ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။**

ရှေးဦးစွာ သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီဥက္ကဋ္ဌ ဦးချမ်းသာက သုခစုစံ ကုမ္ပဏီနှင့် ITE လုပ်ငန်းခွင် အကြိုသင်တန်းတို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ သုခမ္မသိဂီ ဒေါ်ဥမ္မာမြင့်က ၂၀၁၀ ခုနှစ် မေလတွင် ဖွင့်လှစ်ခဲ့သည့် ITE သင်တန်း အမှတ်စဉ်(၃)မှ သင်တန်းသားသင်တန်းသူများအား အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

**ပို့ချလေ့ကျင့်ပေး**

အဆိုပါ ITE သင်တန်းသည် လက်တွေ့ လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် အခက်အခဲမရှိစေရန်အတွက် အခြေခံအကျဆုံး အဓိက လိုအပ်ချက်များကို စနစ်တကျ သင်ကြားပေးလျက်ရှိသည့် သင်တန်းဖြစ်ကြောင်း၊ သုခစုစံ သင်တန်းကျောင်း၌ ပြည်ပတွင် သွားရောက် အလုပ်လုပ်ကိုင်မည့်သူများအတွက် နိုင်ငံတကာ အတွေ့အကြုံရင့်ကျက်သော ဆရာများ၊အင်တာဗျူး အတွေ့အကြုံ ရင့်ကျက်သော ဆရာများက ပြည်ပလုပ်ငန်းခွင်များတွင် အဆင်ပြေစွာ ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက်စနစ်တကျ ကြပ်မတ်၍ ပို့ချလေ့ကျင့်ပေးလျက်ရှိသည်။

**စုံစမ်းနိုင်**

စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် ၇၇ ပန်းဆိုးတန်း(အောက်လမ်း)ကျောက်တံတားမြို့နယ်နှင့် အမှတ် ၁၁၅ မြနန္ဒာလမ်း သာကေတ စက်မှုဇုန် သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၂၃၃နှင့် ၃၈၅၇၅၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**



# ဆီဆိုင်မြို့နယ် နန်းသြကျေးရွာ၌

## အောင်ပညာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

တောင်ကြီး ဇွန် ၁၄

**ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် နန်းသြကျေးရွာ အောင်ပညာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ မီဒီယာပစ္စည်းများ၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင်များ လှူဒါန်းပွဲအခမ်းအနားကို မေ ၆ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

**လက်ခံ**

ဆက်လက်၍ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီက စာအုပ်စာစောင် အုပ်၂၀၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေလွင်က စာအုပ်စာစောင် အုပ်၁၀၀၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်က ၂၁လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်မောင်ဝင်းက EVD ပြစက်တစ်လုံး၊ ဌာနဆိုင်ရာများက ငွေပဒေသာပင် ငွေကျပ်နှစ်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးနေမျိုးသူရိန်က ရေဒီယိုကက်ဆက်တစ်လုံးနှင့် စာအုပ်စာစောင် အုပ်၁၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ဂျာနယ်စောင်ရေ၁၀၀၊ ဦးမျိုးမင်းဆွေက ဂျာနယ်စောင်ရေ ၂၀၀၊ နန်းသြကျေးရွာရှိ အလှူရှင်များက ငွေပဒေသာပင်ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။

**ဖဲကြိုးဖြတ်**

ထို့နောက် စာကြည့်တိုက် အဆောက်အအုံသစ်ကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးချစ်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ပေ ၂၀၊ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်ခွင့်ပြုငွေနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်ခဲ့သည်။ (ပြည်နယ် မြန်/ဆက်)

အင်းတော် ဇွန် ၁၄

# အောင်စေပိုင်ကျောင်းဆောင်သစ်အား

## အင်းတော်၌ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက်နေ(ဦးစက်ခွင်-ဒေါ်မြရှင်)တို့အား ရည်စူး၍ ဦးမိုးဇော်ဦး-ဒေါ်အေးလီမိသားစု So So စာရေးကိရိယာ အောင်စေပိုင်ကုမ္ပဏီ လီမိတက်မှ အောင်စေပိုင်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀နာရီက အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့မအခြေခံပညာမူလတန်းကျောင်း အောင်စေပိုင်ကျောင်းဆောင်သစ်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်**

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်မိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်စန်းရီနှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးမိုးဇော်ဦးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ပေးအပ်**

ယင်းနောက် ကျောင်းဆောင်သစ် အလှူရှင် ဦးမိုးဇော်ဦးက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူးထံ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် ငွေကျပ် ၂၈၆ သိန်းတန်ဖိုးရှိ စာရွက်စာတမ်းများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် စာအုပ်နှင့်စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီးထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းသည်။

**တန်ဖိုး**

အဆိုပါ ဦးမိုးဇော်ဦး-ဒေါ်အေးလီမိသားစု So So စာရေးကိရိယာအောင်စေပိုင်ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လှူဒါန်းသည့် အောင်စေပိုင်ကျောင်းဆောင်သစ်သည် အလျားပေ ၁၃၀၊ အနံပေ ၃၀ရှိ သွပ်မိုး အုတ်ညှပ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး စုစုပေါင်း ဆောက်လုပ်လှူဒါန်းမှုမှာ တန်ဖိုး ငွေကျပ် ၂၀၆သိန်း ဖြစ်သည်။ (၀၃၀)

**မြို့နယ် သတင်း ထွေတလာ**

**ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကြီးရဲတပ်ဖွဲ့စခန်း ရဲတပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများပေးအပ်ပွဲကို မေ ၃၀ရက်က ကျင်းပရာ စခန်းမှူး ရဲအုပ်အောင်မျိုးဦးက ကျောင်းသားတစ်ဦးအား ပညာသင်စရိတ် ပေးအပ်စဉ်။** (၀၆၅)



# ထွေ/အုပ် ဦးစီးဌာနဝန်ထမ်းများအား

## နောင်မွန်၌ ဝတ်စုံထောက်ပံ့ပေးအပ်

*နောင်မွန် ဇွန် ၁၀*

*ပူတာအိုခရိုင် နောင်မွန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မေ ၁၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးမြင့်က အမှာစကားပြောကြားသည်။*

***ထောက်ပံ့ပေးအပ်***

*ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးမြင့်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများကိုယ်စား တာဝန်ရှိသူတစ်ဦးအား ဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။ (မြို့နယ် မြန်/ဆက်)*

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တောင်သူလယ်သမားများသို့

## မိုးစပါးကို အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးနှိုးဆော်ချက်

မုတ်သုံလေသည် ယခုအခါ မေ ၁၇ရက်နေ့တွင် မြန်မာနိုင်ငံအတွင်း စတင်ဝင်ရောက်ခဲ့ပြီး ဒေသအနှံ့ရွာသွန်းနေပြီဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသည့် ရာသီဥတုနှင့်လျော်ညီစွာ တောင်သူလယ်သမားများအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

- ယခုအချိန်မှစ၍ ထယ်ရေးကို စောနိုင်သမျှစောစွာ ပြုပြင်ထားပါ။
- ရေလုံအောင် လယ်ကန်သင်းများကို သေချာစွာပြုပြင်ထားပါ။
- ရေသိုလှောင်၍ ရနိုင်သည့် လမ်းဘေးမြောင်းများ၊ ချိုင့်များ၊ ကန်များ စသည်တို့တွင် ရွာသမျှမိုးရေကို ရနိုင်သမျှ စုဆောင်းထားရှိနိုင်ရန် ကြိုတင်ပြင်ဆင်ထားပါ။
- ရေများများရရှိနိုင်သည့် နေရာများတွင် ကြိုတင်၍ စုပေါင်းပျိုးထောင်ထားပါ။
- ရေလိုအပ်ချက်နည်းသည့် သင့်တော်ရာပျိုးထောင်နည်းများဖြင့် ပျိုးထောင်ပါ။
- စပါးသက်တမ်းတိုစေနိုင်သည့် တိုက်ရိုက်အစေ့ချနည်းစနစ်ဖြင့် စိုက်ပျိုးပါ။
- ရေရရှိမှုအပေါ်မူတည်၍ ပျိုးသက်နည်းနည်းဖြင့်စိုက်ပျိုးပါ။
- သက်လတ်နှင့် သက်လျင်စပါးအထွက်ကောင်းမျိုးများကို ဦးစားပေးစိုက်ပျိုးပါ။
- ရေလေလွင့်ဆုံးရှုံးမှု မရှိစေရန် အမြဲဂရုစိုက်ပါ။
- အပင်ကြီးထွားမှုမြန်ဆန်စေရန်နှင့် လေလွင့်ဆုံးရှုံးမှုနည်းစေရန် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာစနစ်တကျ ရောစပ်သုံးစွဲပါ။
- ပိုးမွှားရောဂါကြိုတင်ကာကွယ်ပါ၊ ကျရောက်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်အကူအညီတောင်းပါ။

(ဖော်ပြပါအချက်များမှ အကူအညီများ လိုအပ်ပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ပါ။)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန



# မိတ္ထီလာမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်များလှူဒါန်း

မိတ္ထီလာ ဇွန် ၁၃

**ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းက မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ထနောင်းကန်ကျေးရွာ ဆရာတော်တေဇောသာရမှ ဆောက်လုပ်လှူဒါန်းထားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို ဇွန် ၂ ရက်က ထနောင်းကန်ကျေးရွာ အလင်းဖြန့်စံအိမ်စာကြည့်တိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင် ရေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းက အမှာစကား ပြောကြားသည်။ ထို့နောက် ထနောင်းကန်ကျေးရွာ အလင်းဖြန့်စံအိမ်စာကြည့်တိုက်သို့ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့်ငွေကျပ် ၉၅၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံအုပ် ၂၀၀ကို ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်က ပေးအပ်လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မင်းစိုးက လက်ခံယူသည်။ **(အပေါ်ပုံ)** ဆက်လက်၍ စာကြည့်တိုက် အလှူရှင်လှူဒါန်းသည့် တန်ဖိုးငွေကျပ် တစ်သိန်းဖိုးရှိ စာအုပ်တင်စင် အကြီးနှစ်ခုကို ဆရာတော်ကိုယ်စား ကျေးရွာရပ်မိရပ်ဖတစ်ဦးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်မှ လက်ခံယူသည်။

## လက်ခံယူ

ထို့နောက် ဦးမောင်မြင့်နှင့် ဒေါ်ဝင်းကြည် ရသာကောင်း အသားခြောက်စက်ရုံမှ မြန်မာ့အလင်းသတင်းစာ တစ်နှစ်စာအတွက် ငွေကျပ်၂၄၀၀၀၊ ဦးသန်းနိုင် ခရေပန်း အသားခြောက်စက်ရုံမှ ငွေပဒေသာပင်ကျပ် ၂၄၀၀၀၊ ပြည်သာယာ(တောင်) ဇာဇီစာကြည့်တိုက်ကသိုလ်ရှင် ဦးဇာဇီနှင့် ဒေါ်ချစ်သိန်းမိသားစုတို့က ဒို့ကျေးရွာဂျာနယ်တစ်နှစ်စာအတွက် ငွေကျပ်၄၈၀၀ကို ပေးအပ်လှူဒါန်းရာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးဝင်းလှိုင်ကလက်ခံယူသည်။**(ဝ၇၈)**



# ယာဉ်၊ လမ်းစည်းကမ်းနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်ရေး ရွှေဘိုမြို့၌ ဟောပြောပွဲကျင်းပ

ရွှေဘို ဇွန် ၁၃

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါတားဆီးကာကွယ်ရေးဟောပြောပွဲကို မေ ၁၁ရက် နံနက် ၉နာရီက ရွှေဘိုမြို့ အစိုးရ နည်းပညာကောလိပ်၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ဆရာဝန်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

## ပညာပေးဟောပြော

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဗိုလ်ဝင်း **(အပေါ်ပုံ)**က ပညာပေး ဟောပြောပြီး ကမ္ဘာ့လူတုပ်ကွေးရောဂါ A(H1N1) တားဆီး ကာကွယ်ရေးကို ခရိုင်ဆရာဝန်ကြီး ဒေါ်ဝေဝေဦးနှင့် အထူးကုဆရာဝန်ကြီး ဒေါ်နီလာထွန်းတို့က ပညာပေး ဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)



# ကျိုက်ထိုမြို့နယ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ကျိုက်ထို ဇွန် ၁၄

ကျိုက်ထိုမြို့နယ်တွင် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ရက်က အထက(၁) ကျိုက်ထိုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးလှကြည်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

## ဆုများချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ခြင်းနှင့် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ တာဝန်ရှိသူတစ်ဦးက ကိုယ်အင်္ဂါချို့ယွင်းသော်လည်း စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူ သုံးဦးအားက ဆုများချီးမြှင့်သည်။ ဆက်လက်၍ အမှတ်(၁) စစ်တောင်းစက္ကူစက္ကူစက်မှ ထောက်ပံ့အလှူငွေကျပ်၁၉၄၀၉၀၀၊ မြို့နယ်ပညာရေးမှူးက ငွေကျပ် ၇၅၀၀၀ တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဗလာစာအုပ် ဒါဇင် ၅၀၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဗလာစာအုပ်ဒါဇင် ၅၀နှင့် မြို့နယ်အခွန်ဦးစီးဌာနက ဗလာစာအုပ် ၁၀ဒါဇင်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးလှကြည်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)



မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ပိုးတန်းရပ် အခြေခံပညာမူလတန်းကျောင်း ဘက်စုံဖွံ့ဖြိုးရေး အလှူငွေ ပေးအပ်ပွဲကို မေ ၆ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အလှူရှင်များ၏ အလှူငွေများကို ကျောင်းအုပ်ဆရာကြီးက လက်ခံယူစဉ်။

(မြန်မာ့အလင်း)

# မြို့နယ် သတင်း ထွေတလာ

# မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

**ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။**

**သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-**

**( ၁ ) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော "မုန်တိုင်းသတင်း"နှင့် "မုန်တိုင်းသတိပေးချက်"များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလသတင်းများကို မယုံကြည်ပါနှင့်။**

**( ၂ ) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက "မုန်တိုင်းသတင်း"အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက "မုန်တိုင်းသတိပေးချက်"အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။**

**( ၃ ) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။**

**( ၄ ) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်းသတိပေးချက် သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။**

**( ၅ ) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။**

**( ၆ ) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။**

**( ၇ ) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိမိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။**

**( ၈ ) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။**

**( ၉ ) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။**

**( ၁၀ ) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာလျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။**

**( ၁၁ ) ဝမ်းရောဂါကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။**

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ၌ ဆောင်ရွက်

ပေါင် ဇွန် ၁၃

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဇွန် ၁၂ ရက်က ဇင်းကျိုက်ကျေးရွာအတွင်း၌ အဖွဲ့ရှစ်ဖွဲ့ခွဲ၍ စုပေါင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

## စုပေါင်းဆောင်ရွက်

အဆိုပါ အခမ်းအနားသို့ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုပေါင်း၍ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)



16-6 (16).pmd 1 6/16/2010, 1:45 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

### သွေးကင်ဆာဖြစ်ပွားနေသူများ လေ့ကျင့်ခန်းပြုလုပ်ပေးလျှင် သက်သာစေနိုင်

ကောင်းမြတ်သူ - ရေးသားသည်

ကယ်ရီလိုင်းနား ဇွန် ၁၅



သွေးကင်ဆာရောဂါ ခံစားနေရသော ဝေဒနာရှင်များသည် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းဖြင့် ရောဂါမှ သက်သာရာ ရစေနိုင်ကြောင်း မြောက်ကယ်ရီလိုင်းနားတက္ကသိုလ်မှ သုတေသီများက လေ့လာတင်ပြထားသည်။

လေ့လာခဲ့

အဆိုပါသုတေသီများက ဆေးရုံ၌ တက်ရောက်ကုသနေသော ရောဂါသက်သာလာသည့် သွေးကင်ဆာရောဂါဝေဒနာရှင် ၁၀ဦးအား လေ့လာခဲ့ရာ ယင်းရောဂါဝေဒနာရှင်များသည် ဆေးရုံတက်နေသည့် သီတင်းသုံးပတ်မှ ငါးပတ်ကာလအတွင်း အရှိုးဗစ်ကစားခြင်း၊ ကိုယ်ခံစွမ်းအား၊ ခုခံအားကောင်းစေသည့် လေ့ကျင့်ခန်းများကို နေ့စဉ်ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

၎င်းရောဂါဝေဒနာရှင်များသည် ဆေးရုံမှဆင်းပြီး နှစ်ပတ်ကြာအထိ လေ့ကျင့်ခန်းများ ဆက်လက်ပြုလုပ်ခဲ့ကြရာ သွေးကင်ဆာရောဂါခံစားရမှု တိုး၍မလာကြောင်း လေ့လာတွေ့ရှိခဲ့သည်။

သက်သာစေနိုင်

ခန္ဓာကိုယ်အတွင်းရှိ နှလုံးနှင့် သွေးကြောများ အားကောင်းလာခြင်း၊ ကြွက်သားများ သန်မာလာခြင်းတို့ကြောင့် သွေးကင်ဆာဖြစ်ပွားမှုမှ သက်သာစေနိုင်ကြောင်း ၎င်းသုတေသီများက ပြောကြားသည်။

အင်တာနက်



### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၅-၆-၂၀၁၀

| | | | | |
|---|---|---|---|---|
| မောင်တောမြို့ | ၁၃ | ဒသမ | ၄၇ | လက်မ |
| မြောက်ဦးမြို့ | ၁၁ | ဒသမ | ၁၀ | လက်မ |
| ကျောက်တော်မြို့ | ၉ | ဒသမ | ၄၅ | လက်မ |
| ဌမြို့ | ၆ | ဒသမ | ၁၄ | လက်မ |
| စစ်တွေမြို့ | ၅ | ဒသမ | ၇၅ | လက်မ |
| ပလက်ဝမြို့ | ၄ | ဒသမ | ၄၅ | လက်မ |
| သံတွဲမြို့ | ၃ | ဒသမ | ၉၇ | လက်မ |

### နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၌ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဇွန်၁၄ရက်က တွေ့ရစဉ်။
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)